# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၅) ရက် ၊ သောကြာနေ့ ၊ (29-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ပိုမိုအားကောင်းစေရန်အပါအဝင် စစ်ဘက်နှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကြိုးပမ်းမှုများအတွက် တပ်မတော်နှစ်ရပ်အကြား ဆုတံဆိပ်များ အပြန်အလှန်ပေးအပ်ခြင်းအခမ်းအနား ကျင်းပပြုလုပ်



**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ပိုမိုအားကောင်းစေရန် အပါအဝင် စစ်ဘက်နှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကြိုးပမ်းမှုများအတွက် တပ်မတော်နှစ်ရပ်အကြား ဆုတံဆိပ်များ အပြန်အလှန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်ညီလာခံမဆောင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **Colonel General Alexander Vasilievich Fomin**၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးကောင်စီဥက္ကဋ္ဌ **Mr. Pavel GUSEV**၊ စစ်သံမှူး **Colonel KURCHENKO Sergei Semyonovich** နှင့်ရုရှားတပ်မတော်မှ အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "သီရိသီဟကျော်တံဆိပ်" ရရှိသူ Colonel KURCHENKO Sergei Semyonovich အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။**




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၂၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံသားတိုင်း နိုင်ငံတော်လုံခြုံရေးတာဝန်ထမ်းဆောင်ကြစေလို

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ကမ္ဘာ့နိုင်ငံတချို့ကျင့်သုံးနေသည့် အမျိုးသား၊ အမျိုးသမီးအားလုံး ခြွင်းချက်မရှိစစ်မှုထမ်းရခြင်း **(Mandatory Conscri- ption)**မျိုးမဟုတ်သကဲ့သို့ အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူများပြုလုပ်နေသည့် အတင်းအဓမ္မလူသစ်စုဆောင်းခြင်းမျိုးမဟုတ်ဘဲ မြန်မာနိုင်ငံ၏ ကာကွယ်ရေးနှင့်လုံခြုံရေးအခြေအနေများပေါ်တွင်မူတည်ပြီး သင့်တင့်လျောက်ပတ်သည့် အင်အားကိုသာ တာဝန်ယူထမ်းဆောင်ရခြင်း**(De Jure or Combination)**မျိုးဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ပြည်သူ့စစ်မှုထမ်းဥပဒေသည်၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ အဆိုပါဥပဒေသည် ၂၀၁၀ပြည့်နိုဝင်ဘာ ၄ ရက်ကတည်းက ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်ပြီး ယခုမှ စတင်အသက်ဝင်လာခြင်းဖြစ်သည်။ သို့သော်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာသောကြောင့် နိုင်ငံသားအားလုံး မဖြစ်မနေ တာဝန်ထမ်းဆောင်ရမည့် ပုံစံမဟုတ်ဘဲ လိုအပ်သလောက်သာ အကန့်အသက်ဖြင့် တာဝန်ထမ်းဆောင်ရမည့် ပုံစံဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမည့် လူငယ်များသည် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသည့် နိုင်ငံ့သားကောင်းများအဖြစ် လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာမြင့်မားစွာရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေစည်းကမ်းကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှုပိုမိုရှိလာပြီး မိမိကိုယ်ကိုယုံကြည်မှု၊ ဇွဲ၊လုံ့လ ရှိမှုနှင့် ကိုယ်ကာယကြံ့ခိုင်မှုများ တိုးတက်ရရှိလာမည်ဖြစ်ပေသည်။ ထို့ပြင် စစ်မှုထမ်းခြင်းမှ ရရှိလာမည့်အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့လာရမည့် စိန်ခေါ်မှုများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုများလည်းရရှိစေမည် ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး အသိရှိသည့်နိုင်ငံသားများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ရေရှည်အာမခံနိုင်မည် ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးအရအချက်အချာကျကျတည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကားမြင့်မားရန်လိုအပ်မှု၊ ကျင့်သုံးနေသည့် ပြည်သူ့စစ်မဟာဗျူဟာကို ဟန်ချက်ညီပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်နေမှု၊ ပြည်သူလူထု၏မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များပိုမိုရှင်သန်မြင့်မားလာစေရေးနှင့် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်စေရေးတို့အတွက် ပြဋ္ဌာန်းထားသည့်ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံတော်လုံခြုံရေးတာဝန်များကို နိုင်ငံသားတိုင်း ကျေပွန်စွာထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ပေသည်။

# သင်္ကြန်ပွဲတော်တွင် ကျုံးဘေး လမ်း ၈၀ နှင့် ၁၂ လမ်းတစ်လျှောက်၌ ရေစုပ်စက်ဖြင့်ရေကစားမည့်သူများကို ခွင့်ပြုနေရာချထားပေးမည်



**မန္တလေး မတ် ၂၈**

ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ကျုံးဘေး လမ်း ၈၀ နှင့် ၁၂ လမ်းတစ်လျှောက်၌ ရေစုပ်စက်ဖြင့် ရေကစားမည့်သူများကို ခွင့်ပြုနေရာချထားပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့ ကျုံးဘေး ၂၆ လမ်းနှင့် ၁၂ လမ်းကြား၊ လမ်း ၈၀ တစ်လျှောက်၊ လမ်း ၈၀ နှင့် ၆၆ လမ်းကြား၊ ၁၂ လမ်းတစ်လျှောက်၌ ရေစုပ်စက်ဖြင့် ရေကစားချင်သည့်မည်သူမဆို ခွင့်ပြုနေရာချပေးသွားမည်ဖြစ်ကြောင်း၊ ရေစုပ်စက်အသုံးပြု၍ ရေကစားလိုသူများအနေဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနသို့ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

"ရေစုပ်စက်နဲ့ ရေကစားရင်လဲ စည်းကမ်းချက်တွေတော့ရှိပါတယ်။ ရေပက်မယ်ဆိုရင် ရေပိုက်ခေါင်းကို နှစ်လက်မထိပဲ ခွင့်ပြုပေးသွားမှာပါ။ ဒီနှစ် ကျုံးဘေးမှာရေစုပ်စက်နဲ့ ရေကစားမဲ့သူတွေအနေနဲ့ သတ်မှတ်စည်းကမ်းတွေနဲ့အညီ ရေကစားကြဖို့ လိုပါတယ်"ဟု ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

ကျုံးဘေးလမ်း ၈၀ နှင့် ၁၂ လမ်းတစ်လျှောက်၌ ကျုံးအတွင်းမှ ရေကို ရေစုပ်စက်ဖြင့်စုပ်ယူ၍ ရေကစားမည့်သူများအနေဖြင့် ဧပြီ ၁၀ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မတ် ၂၈**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် အွန်လိုင်းမှတစ်ဆင့်အရောင်းအဝယ်ပြုလုပ်လာကြပြီး တစ်ပတ်ရစ်ဘီးများ ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်နေကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှကန်ဒါ၊ဆိုင်ကလုန်း၊ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ပြီး တင်သွင်းသည့် ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i အမျိုးအစား ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင်လည်း နံပါတ်ထွက်ပြီးသား ဂျပန်ညာမောင်းတစ်ပတ်ရစ်ကားများ၌ ဟွန်ဒါဖစ်နှင့် ကလူဂါကားများ ဈေးကွက်ကို ဦးဆောင်နေပြီး လုပ်ငန်းသုံး ကားများတွင်လည်း ဈေးမြင့်တက်မှုများ ရှိလာကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားများ တဖြည်းဖြည်း ရှားပါးလာပြီး လူကြိုက်များသည့် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားမှာ ငွေကျပ် သိန်း ၅၀ ခန့်ထိ ဈေးမြင့်တက်သွားကြောင်း သိရသည်။

လျှပ်စစ်သုံးကားများကို စိတ်ဝင်စားမှုမြင့်တက်ပြီး ငွေကျပ် သိန်း ၁၃၀၀ ခန့် ပေါက်ဈေးရှိကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်း ခန့်ဈေးပေါက်လျက်ရှိပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၆၀၊ Auto ငွေကျပ် သိန်း ၁၈၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမောင်ထံမှ သိရသည်။ (၁၇၃)

# မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၂၇ ရက်ထိ မီးလောင်မှု ၃၉ ကြိမ်ဖြစ်ပွားခဲ့

**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်ဇန်နဝါရီ ၁ ရက်မှ မတ် ၂၇ ရက်ထိ မီးလောင်မှု ၃၉ ကြိမ်ဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ်က ဇန်နဝါရီ ၁ ရက်မှ မတ် ၂၇ ရက်ထိ မီးလောင်မှုအကြိမ်ရေ ၅၀ ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၄၉ ဒသမ ၄၈၃ သန်းခန့်ဆုံးရှုံးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဇန်နဝါရီ ၁ ရက်မှ မတ် ၂၇ ရက်ထိ မီးလောင်မှု ၃၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၇၅ ဒသမ ၀၇၇ သန်းဆုံးရှုံးခဲ့ကာ ၂၀၂၃ ခုနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက မီးလောင်မှုအကြိမ်ရေ ၁၁ ကြိမ် လျော့နည်းခဲ့ကြောင်း သိရသည်။

"မီးလောင်တွေကို ပြန်ကြည့်မယ်ဆိုရင် ပေါ့ဆလို့ဖြစ်ပွားတာတွေက များပါတယ်။ မီးလောင်မှုဖြစ်ပွားပြီဆိုရင်လဲ ကျိတ်ပြီးငြိမ်းသတ်ကြပါတယ်။ ငြိမ်းလို့မနိုင်မှ အကြောင်းကြားသလိုဖြစ်နေတဲ့အတွက် ဆုံးရှုံးမှုတွေဖြစ်ပေါ်လာတာ ပိုများပါတယ်။ မီးသုံးစွဲသူတွေအနေနဲ့ကလဲ မီးသတ်ဦးစီးဌာနရဲ့ အသိပညာပေးဟောပြောမှုတွေကို ဂရုစိုက်နားထောင်ပြီးတော့ စည်းကမ်းတွေလိုက်နာကြမယ်ဆိုရင် မီးလောင်မှုတွေလျော့နည်းသွားမှာပါ" ဟု ဦးဇော်ဝင်းထွန်းကပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၂၇ ရက်ထိ မီးလောင်မှု ၃၉ ကြိမ်ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၈၄ အိမ်၊ ဂိုဒေါင် တစ်လုံး မီးလောင်ခံရပြီး လူ ငါးဦးသေဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိ၍ မီးဘေးသင့်သူ ၁၆၂ ဦးရှိခဲ့ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြိတ်မြို့နယ် မြိတ်-တနင်္သာရီ-ထုံခါလမ်းတွင် ကတ္တရာကွန်ကရစ်(AC)ခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မြိတ် မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် လမ်းဦးစီးဌာနက ဒေသခံပြည်သူများလမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေရေးတို့အတွက် မြိတ်-တနင်္သာရီ-ထုံခါလမ်းတွင် ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် လမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (မြို့မြ) ဦးအောင်ကိုကိုကျော်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၆၀၈ ဒသမ ၈၁၄ သန်းဖြင့် မြိတ်မြို့နယ် မြိတ်-တနင်္သာရီ-ထုံခါ လမ်းပိုင်းတွင် ကတ္တရာကွန်ကရစ်(AC) ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းပြသရာ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး(မြို့မြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် မြိတ်-တနင်္သာရီ-ထုံခါလမ်းပိုင်းတွင် လမ်းအရှည် ၃ ဒသမ ၅ ဖာလုံ၊ အကျယ် ၂၄ ပေ၊ အမြင့် ၃ နစ်လက်မရှိ ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း လုပ်ငန်းကို မြိတ်မြို့နယ် လမ်းဦးစီးဌာနက ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြိတ်-တနင်္သာရီ-ထုံခါလမ်းပိုင်းတွင် ကတ္တရာကွန်ကရစ်(AC)ခင်းပေးနိုင်မှုကြောင့် မော်တော်ယာဉ်များ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း မြိတ်မြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ကျန်ရစ်သူမိသားစုက ကိုရဲမြင့်အား ရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစင်မောင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၄၄၁ ဧက ရိတ်သိမ်းပြီးစီး



**ရေဦး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၄၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၃၁၅ ဧကနှင့် ဖူးစားပြောင်း ၃၁၂၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၅၀ ဒသမ ၂၉ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၃၄၄၁ ဧက စိုက်ပျိုးထားတယ်။ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးပါပြီ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖေ့ဘုတ်ပေ့ချ်၊ တောင်ပိုးကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# သာပေါင်းမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာပေါင်း မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဇအိုးကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားမှုကို မတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကျောက်စရစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများနှင့် စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျောက်စရစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်ထံမှ သိရသည်။

**ချစ်ဦးကို**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အခု ကွမ်းသီးခြောက်ဈေးနှုန်းက ကွမ်းသီးစိုက်တဲ့သူတွေနဲ့ သိုလှောင်တဲ့သူတွေပါအဆင်ပြေနေပါတယ်။ လက်ရှိဒေသမှာ ကွမ်းသီးခြောက် တအားပေါများလာတယ်။ ဒါကြောင့်လဲ ကွမ်းသီးခြောက်ဝယ်ယူမှုအားကောင်းနေတာပါ။ အဝယ်လိုက်နေတဲ့အချက်ကတော့ ပုံမှန်တင်ပို့နေကျ ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာလို့ပါ။ အခုနှစ် ကွမ်းသီးခြောက်က ပြည်ပတွင်းမှာကို လိုအပ်ချက်များနေပါတယ်။ ရန်ကုန်ဘက်ကလဲ နေ့စဉ်အမှာကုန်တွေ ရှိနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ကွမ်းသီးများကို လိုက်လံဝယ်ယူကာ အလုံးအတိုင်းနှင့် ခွဲစိတ်ပြီး ပုံစံနှစ်မျိုးပြုလုပ်၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် ဈေးကောင်းလာသည့်အတွက် ကွမ်းသီးခြောက် သိုလှောင်ထားသူများ၊ ကွမ်းသီးစိုက်ပျိုးရေး လုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကွမ်းသီးညှပ်လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သတင်းစာခေတ်သမိုင်းအတွက် ဂန္ထဝင်တွင်သွားစေသည့်တက်ကျမ်း

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)




ကြေးမုံသတင်းစာ စာတည်းမှူးချုပ် ဦးစိုးစိုးနိုင် **(ရိုးရိုးနိုင်–ကြေးမုံ)**ရေးသားသည့် **"သတင်းသမားနလုံးသားမှ ဂန္ထဝင်အကျွရာများ"**စာအုပ်ကို ဖတ်ရှုပြီး မှုဒိတာပွားမှုနှင့်အတူ မျိုးဆက်သစ်သတင်းသမားလူငယ်များ အားကျအတုယူဖွယ်များစွာကိုလည်း စေ့ငုဖတ်ရှုလိုက်ရပါသည်။

**"တကယ်လုပ်လျှင်၊ အဟုတ်ဖြစ်ရမည်"**

**"ရိုးသားမှု၊ ကြိုးစားမှုရှိလျှင်၊ ဘဝတိုးတက်အောင်မြင်သည်"**

အဆိုပါဆောင်ပုဒ်များကို **"ရိုးရိုးနိုင်(ကြေးမုံ)"**က လက်တွေ့ကာယကံမြောက် ထိရောက်ပေါက်မြောက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ကြောင်း ရိုးသားစွာခံစားရေးဖွဲ့ထားသည်။

စိုးစိုးနိုင်(ကြေးမုံ)၏စာအုပ်တွင် မြန်မာ့အလင်းအယ်ဒီတာချုပ်(ငြိမ်း) ဦးရဲမြင့်ဖေ(မောင်ဖေလှိုင်)နှင့် ကြေးမုံသတင်းစာအယ်ဒီတာချုပ်(ငြိမ်း) ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)တို့က အမှာစာရေးသားထားကြသည်။ သမ္ဘာရင့်ဝါရင့် သတင်းစာဆရာကြီးနှစ်ဦး၏ ညွှန်းဆိုမှုများကလည်း ထိုစာအုပ်၏ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်။ ကျွန်တော်ကတော့ ဝါသနာနှင့်တာဝန်အရ ထိုဆရာကြီးနှစ်ဦးနှင့် တွေ့ကြုံရင်းနှီးခဲ့သလို စာပေနှင့် သတင်းမီဒီယာကိစ္စရပ်များတွင်လည်း ပူးတွဲဆောင်ရွက်ခဲ့ဖူးသဖြင့် အကျိုးရှိနေသည်ကို ကိုယ်တွေ့ခံစားခဲ့ရသည်။

ဦးရဲမြင့်ဖေ(မောင်ဖေလှိုင်)နှင့်ဆိုလျှင် ကြေးမုံသတင်းစာတွင် သူအထွေထွေနေ့စား(၃ ကျပ် ၁၅ ပြား)ဘဝမှ အယ်ဒီတာချုပ်မှ အငြိမ်းစားယူသည်ထိ ယနေ့တိုင် ခင်မင်ရင်းနှီးနေကြသူများဖြစ်ကြသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဒုတိယအကြိမ်စာတမ်းဖတ်ပွဲကို ၂၀၁၈ ခုနှစ် မေ ၅ ရက်နှင့် ၆ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဦးရဲမြင့်ဖေ(မောင်ဖေလှိုင်)က **"သတင်းသမားဘဝဖြတ်သန်းခဲ့ရခြင်းပုံရိပ်"**စာတမ်းကို တင်သွင်းဆွေးနွေးခဲ့ပြီး ကျွန်တော်က **"သတင်းသမားများနှင့် မီဒီယာကျင့်ဝတ်"**စာတမ်းကို တင်သွင်းဆွေးနွေးခဲ့သည်။

ဤသို့ဖော်ပြနေရခြင်းမှာ ယခု စိုးစိုးနိုင်(ကြေးမုံ)၏ **"သတင်းသမားနလုံးသားမှ ဂန္ထဝင်အကျွရာများ"** စာအုပ်ထဲပါ အကြောင်းခြင်းရာများနှင့် ပတ်သက်ဆက်စပ်နေသောကြောင့်ပင်တည်း။

စိုးစိုးနိုင်(ကြေးမုံ)၏စာအုပ်တွင် အခန်း(၁) **ခဲစာလုံးခေတ်သတင်းစာ**မှသည် အခန်း(၁၂) **အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်**ထိ အခန်း(၁၂)ခန်း ပါဝင်သည်။ စိုးစိုးနိုင် သတင်းစာလောကသို့ဝင်ရောက်ခါစ (၅ ကျပ် ပြား ၄၀) နေ့စားစာစီအဆင့်မှ စာပြင်၊ သတင်းထောက်၊ အယ်ဒီတာ(စာတည်း)၊ ဒုတိယအယ်ဒီတာချုပ်(စာတည်းမှူး)၊ အယ်ဒီတာချုပ်(စာတည်းမှူးချုပ်)အဆင့်ထိ ဘဝတက်လမ်းအဆင့်ဆင့်ကို ပီပြင်ပေါ်လွင်၊ ကျစ်လျစ်သိပ်သည်းစွာ ရသပါပါ ရေးသားထားရာ ဖတ်ရှုသူတိုင်းခံစားပွားများစေမည်ဟု ယုံကြည်ပါသည်။

**"ငါ့သား အဖေ့လက်တွေကိုကြည့်စမ်း၊ လက်သည်းစွဲကြားမှာ မင်ရေး၊ ရေနံချေးတွေကို တွေ့လား၊ ဒီမင်ချေးတွေက ဘယ်လိုဆေးဆေးမပြောင်ဘူး၊ အဖေတို့ အစားစားရင်လဲ ဗွန်းနဲ့စားနေရတာတွေ့တယ်မဟုတ်လား၊ နောက်ပြီး မင်ကပေပေ၊ ချွေးနံ့တထောင်းထောင်းနဲ့၊ အစနံ့မသင့်ရင် ခဲဆိပ်လည်းသင့်တတ်တယ်၊ ဒီလို ပေရေပြီးအန္တရာယ်ရှိတဲ့လုပ်ငန်းမို့ မတတ်ချင်နဲ့၊ မလုပ်ပါနဲ့"**

ခဲစာလုံးစာစီသည့်ပညာကို သင်ယူခဲ့ခြင်းနှင့်ပတ်သက်၍ စိုးစိုးနိုင်(ကြေးမုံ)၏ဖခင် ဦးအုန်းငွေက မိဘမေတ္တာဖြင့် ကြင်နာစွာပြောဆိုတားမြစ်ခဲ့ပုံကို ရေးသားထားရာ ကျွန်တော်ကတော့ အခြားသူများထက် ပို၍ခံစားလိုက်ရသည်။

ထိုအချိန်က သူတို့သားအဖက **"ရွှေသမင်စာပေတိုက်၊ ရတနာမွန်မဂ္ဂဇင်း၊ ညဏ်လင်းစာပေ"**တွင် ခဲစာလုံးစာစီသမားများအဖြစ် နေ့ဘက်တွင် အလုပ်ဆင်းနေကြသူများဖြစ်ကြသည်။ ရွှေသမင်စာပေတိုက်သည် တစ်နိုင်ငံလုံးတွင် နာမည်ကျော်စာရေးဆရာ၊ စာရေးဆရာမအများဆုံး၊ လုံးချင်းစာအုပ်အများဆုံး ထုတ်ဝေနေသော စာပေတိုက်ကြီးဖြစ်သည်။ ရွှေသမင်မဂ္ဂဇင်းနှင့် ရတနာမွန်ဘာသာရေးမဂ္ဂဇင်းကိုလည်း လစဉ်ထုတ်ဝေနေချိန်ဖြစ်သည်။

ကျွန်တော်က ၁၉၉၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိ ထိုစာပေတိုက်ကြီးတွင် စာပြင်ဆရာနှင့် ရွှေသမင်စာပေမဂ္ဂဇင်း အယ်ဒီတာတာဝန်ထမ်းဆောင်နေခဲ့သူဖြစ်ရာ သူတို့သားအဖနှင့်လုပ်ငန်းခွင်အတွင်းရင်းနှီးခဲ့ကြသူများဖြစ်ခဲ့သည်။

ရွှေသမင်စာပေတိုက်တွင် နေ့စဉ်ထုတ်သတင်းစာတိုက်များမှ ခဲစာလုံးစာစီသမားတချို့ နေ့ဘက်တွင် လာရောက်အလုပ်ဆင်းခဲ့ကြသည်။ ကျွန်တော်က သူတို့နှင့် နေ့စဉ်ထိတွေ့လုပ်ကိုင်နေခဲ့ရသဖြင့် သူတို့ဘဝတစ်စိတ်တစ်ပိုင်းကိုလည်း မိသားစုလို ခံစားနားလည်နေခဲ့ရသည်။

ကျွန်တော်သည်ပင်လျှင် စိုးစိုးနိုင်(ကြေးမုံ)ခံစားရေးသားထားသော ခဲစာလုံးစာဗန်း၊ ဂယ်လီပရုဖ်၊ ဖောင်ပရုဖ်များကို ပြန်လည်မြင်ယောင်နေပြီး ခဲစာလုံးစာပြင်ဆရာဘဝကို သတိရနေမိသည်။

သူတို့ထဲတွင် ဦးအုန်းငွေနှင့် ယခုလို အယ်ဒီတာချုပ်ဖြစ်လာသည့် စိုးစိုးနိုင်(ကြေးမုံ)တို့သားအဖ ပါဝင်ခဲ့သည်။ ဖခင်ဦးအုန်းငွေကလည်း ရိုးသားအေးဆေးသူဖြစ်သလို သားစိုးစိုးနိုင်ကလည်း ရိုးသားအေးဆေးသူ(ဖအေတူသား)ဖြစ်သည်။

စိုးစိုးနိုင်(ကြေးမုံ)က ခေတ်လူငယ်၊ ခေတ်ပညာတတ်၊ ဘဝတူများကြားထဲတွင် ရိုးသားမှုအပြင် ကြိုးစားမှုကြောင့် (၅ ကျပ်၊ ပြား ၄၀)နေ့စားလုပ်သားဘဝမှ အယ်ဒီတာချုပ်ဖြစ်လာခဲ့ရာ အားကျအတုယူစရာ အလွန်ပင်ကောင်းလှသည်။

(၃ ကျပ် ၁၅ ပြား)အထွေထွေနေ့စားဘဝမှ အယ်ဒီတာချုပ်ဖြစ်ခဲ့သော ဦးရဲမြင့်ဖေ(မောင်ဖေလှိုင်)ကိုများ အားကျအတုယူ ကြိုးစားခဲ့လေရော့သလားဟု ကျွန်တော်ယူဆမိသည်။

စိုးစိုးနိုင်(ကြေးမုံ)၏စာအုပ် အခန်း(၄)'သတင်းစာတို့၏အသက်'ထဲတွင် သတင်းဆိုတာဘာလဲ၊ သတင်းဘယ်လိုလိုက်ရမလဲ၊ သတင်းရှာဖွေစုဆောင်းခြင်း၊ **ဘခြောက်လုံး**ဖြင့် မေးခွန်းထုတ်၍၊ သတင်းသမားဖြစ်လိုလျှင်၊ **မသုံးလုံး**လက်ကိုင်ထားရမည်၊ သတင်းမှန်တိုင်းရေးရမလား စသည့်ကဏ္ဍများကို ခွဲခြားသုံးသပ်ရေးသားထားရာ ဆိုလိုချင်သည်များ၊ ဆောင်ဖွယ်ရှောင်ဖွယ်ရာများစုံလင်လှသည်။

ဤနေရာတွင် **ဘခြောက်လုံး**နှင့်ပတ်သက်၍ ဖြည့်ဆည်းမျှဝေပေးချင်သည်။ ကျွန်တော် စာရေးဆရာပေါက်စဘဝကတည်းက ပါတီစာနယ်ဇင်းဌာနကြီးမှူး၊ သတင်းစာဆရာကြီး၊ စာရေးဆရာကြီး(ဦး)စောဦး (ဂုဏ်ရောင်)၏ သင်ကြားပို့ချချက်များကြောင့် **ဘခြောက်လုံး**ကို နှလုံးသားထဲတွင်စွဲထင်နေခဲ့သည်။ ဂျာနယ်၊ မဂ္ဂဇင်းအယ်ဒီတာသက်တမ်း ၂၅ နှစ်ကျော် ခရီးမှာလည်း **ဘခြောက်လုံး**နှင့်အညီပဲ လိုက်နာကျင့်သုံးခဲ့သည်။

**(ဘ)ခြောက်လုံး**

"သတင်းရေးရန်" **"ဘယ်သူ့"**ထံ၊ တွေးကြသိထားကြ"

**"ဘယ်သူ"**ကစ၊ **"ဘယ်တုန်း"**က **"ဘယ်မှာ"** **"ဘာ့ကြောင့်"**ဗျ။

**"ဘယ်နည်းဘယ်ပုံ"** **"ဘာဖြစ်တုံ"** အကုန်ရေးဖော်ပြ။

"အတည်ပြုရန် **"ဘယ်သူ့"**ထံ၊ မေးရန်သိထားကြ"

ဘယ်သူ(Who)၊ ဘယ်တုန်းက(When)၊ ဘယ်မှာ(Where)၊ ဘာကြောင့်(Why)၊ ဘယ်နည်းဘယ်ပုံ(How)၊ ဘာဖြစ်တုံ(What)၊ (ဘ)ခြောက်လုံး။ ဘယ်သူ့ထံ(Whom)တစ်လုံးထပ်ထည့်လျှင် (ဘ) ခုနစ်လုံး။

တချို့က ဘခြောက်လုံးဟာ ခေတ်မမီတော့ဘူးဟု ငြင်းဆိုခဲ့ကြသော်လည်း ဘခြောက်လုံးနှင့်မညီသောကြောင့် တရားစွဲဆိုခံကြရသူများရှိခဲ့သည်။

တွေးကြည့်တော့လည်း မှန်နေသည်။ ကိုယ်ရရှိသောသတင်းသည် ဘယ်သတင်းပဲဖြစ်ဖြစ် ထိုသတင်းကို အတည်ပြုပေးသူရှိမှ သတင်းကခိုင်မာပြီး အာမခံချက်ရှိသည်။ မှုခင်းသတင်းဆိုပါတော့။ ရဲစခန်းက ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်ထားသော (ပ)နံပါတ်သည် သတင်းဖြစ်စဉ်အကျဉ်းကို မှတ်တမ်းတင်လက်ခံထားခြင်းဖြစ်၍ အာမခံချက်ရှိသည်။ (ပ) နံပါတ်ပါသောမှုခင်းသတင်းတောင်မှ သတင်းရေးသားဖော်ပြမှုမှာ အထင်အမြင်လွဲမှားပြီး စောဒကတက်မှု၊ ခြိမ်းခြောက်မှု၊ ပြဿနာရှာမှု၊ ပယောဂမျိုးစုံ၏ မြှောက်ထိုးပင့်ကော်မှု၊ နိုင်ငံရေးပါတီများ၏ ဝင်ရောက်စွက်ဖက်အရှိန်အဝါသုံးမှု၊ လူကိုလူချင်း လေနှင့်ရင်းစားနေကြသော ငိုစားရယ်စားရှေ့နေတချို့၏ မြှောက်ထိုးပင့်ကော်လုပ်ကြံရိုက်စားခွင်ဖန်တီးမှု (ရှေ့နေအားလုံးကို မဆိုလိုပါ။ အချို့အနည်းစုကိုသာဆိုလိုပါသည်) စသည့် ပြဿနာပေါင်းစုံကို ယခင်စာနယ်ဇင်းကောင်စီ(ယာယီ)မှာ ကျွန်တော်ကိုယ်တိုင်ဖြေရှင်းခဲ့ရဖူးသည်။

စိုးစိုးနိုင်(ကြေးမုံ)က **"မသုံးလုံး လက်ကိုင်ထားရမည်"** ကဏ္ဍနှင့်ပတ်သက်၍ **"သတင်းရေးသားရာတွင် မြန်ရမည်၊ မှန်ရမည်၊ မျှတရမည်"**ဟု **"မသုံးလုံး"**ကို လက်ကိုင်ပြုသင့်ကြောင်း ညွှန်းဆိုထားသည်။

ဤနေရာတွင် ဝါရင့်သမ္ဘာရင့်သတင်းစာဆရာကြီး သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ရွှေနိုင်ငံသစ် အယ်ဒီတာချုပ် ဆရာကြီးဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်မိုး)နှင့် မှုခင်းရှုထောင့်ဂျာနယ်(ထိုအချိန်က ဒုတိယအယ်ဒီတာချုပ်)ကျွန်တော်တို့နှစ်ယောက် ကရင်ပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မှုခင်းသတင်းထောက်များအပါအဝင် အခြားသတင်းထောက်များကို သတင်းထောက်များကျင့်ဝတ်၊ လိုက်နာကြရမည့် ဆောင်ဖွယ်၊ ရှောင်ဖွယ်အသွယ်သွယ်ကို လှည့်လည်ဟောပြောခဲ့ကြသည်။ ထိုသို့ ဟောပြောခဲ့ရာတွင် ဆရာကြီး ဖိုးသောကြာက သူရေးသားထုတ်ဝေထားသည့် **"သတင်းသမားရဲ့ သတင်းဝတ်ပါ"**စာအုပ်ထဲမှ ဆရာကြီး၏ကိုယ်တွေ့ဖြစ်ရပ်များကို စိတ်ပါဝင်စားလာအောင်ရှင်းပြခဲ့ရာ အခါသင့်သဖြင့် မျှဝေပေးချင်သည်။

ဆရာကြီးက "(F-A-S-T) First Accuracy = တိကျမှန်ကန်စွာဖော်ပြမှု၊ Speed = မြန်မြန်နဲ့ True= မှန်မှန်ကန်ကန်နဲ့ သတင်းလူထုဆီကို Forceful = လေးလေးနက်နက်အားပါးတရစာလုံးတွေနဲ့ ရေးသားဖော်ပြရပါမယ်။ ဒါဖြင့် သတင်းကို ဘယ်လိုစုဆောင်းမလဲ။ ဥပမာပေးရမယ်ဆိုရင် Informed = **အသိပေးသတင်း**၊ Report = **အကြောင်းပြုရေးသတင်း**၊ Publicity = **ဝါဒဖြန့်သတင်း**လို့ အကြမ်းဖျင်းခွဲခြားလိုက်ရအောင်။ အကြောင်းပြုသတင်း(Report)က (Reporter)က စုဆောင်းရတဲ့သတင်းဖြစ်ပါတယ်။ သတင်းစုဆောင်းရင် (News Gathering) မှန်ကန်ကြောင်း အထောက်အထားအရေးကြီးပါတယ်။ (Eye witness) မျက်မြင်သက်သေ၊ တာဝန်ရှိပုဂ္ဂိုလ် (Reponsible Person)တို့ကို အားကိုးရပါတယ်။ Report အကြောင်းပြုရေးသတင်းက သတင်းသမားတိုင်းမရနိုင်လို့ သတင်းဦး(Scoop)ဖြစ်ပါတယ်။ ကိုယ်က သတင်းဦးလွတ်သွားရင်(Follow Up)နည်းနဲ့ သတင်းကို ကိုယ့်သတင်းပြန်လုပ်ပြီး သတင်းသိက္ခာဆယ်ရပါတယ်။ သူများနောက်မှထည့်ရမဲ့သတင်းဆိုရင် ပထမဖော်ပြတဲ့သတင်းထက် ပိုပြီးစိတ်ဝင်စားစရာအချက်အလက်တွေနဲ့ ဖော်ပြရပါမယ်"ဟု သာဓကများနှင့်ရှင်းပြခဲ့သည်။

ဆရာကြီးဖိုးသောကြာက "သတင်းစာ၊ သတင်းဂျာနယ်၊ မီဒီယာမရှိတဲ့နိုင်ငံဟာ အကန်းဖြစ်သလို သတင်းစာဂျာနယ်(မီဒီယာ)က တိုင်းပြည်ရဲ့ အစိတ်အပိုင်း(Journalist is Part of Country)တစ်ရပ်ဖြစ်တယ်လို့ နိုင်ငံတကာက "စံ"ထားရှိပါတယ်။ ဒါကြောင့် သတင်းထောက်ဟာ "လူထုမျက်လုံး"ဖြစ်နိုင်ပါတယ်။ သတင်းထောက်(Reporter)၊ သတင်းစာဆရာ (Journalist)တွေရဲ့ လုပ်ငန်းတာဝန်တွေကို နိုင်ငံတကာက သတ်မှတ်ထားတာရှိပါတယ်။

သတင်းစာ၊ သတင်းဂျာနယ်ဆိုတာ (၁)ခေတ်သမိုင်းကို ထင်ဟပ်တယ်၊ ဖန်တီးတယ်။ (၂)ခြယ်လှယ်

❖ စိုးစိုးနိုင်(ကြေးမုံ)၏စာအုပ်တွင် မြန်မာ့အလင်းအယ်ဒီတာချုပ်(ငြိမ်း) ဦးရဲမြင့်ဖေ(မောင်ဖေလှိုင်)နှင့် ကြေးမုံသတင်းစာအယ်ဒီတာချုပ်(ငြိမ်း) ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)တို့က အမှာစာရေးသားထားကြသည်။ သမ္ဘာရင့်ဝါရင့် သတင်းစာဆရာကြီးနှစ်ဦး၏ ညွှန်းဆိုမှုများကလည်း ထိုစာအုပ်၏ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်။ ကျွန်တော်ကတော့ ဝါသနာနှင့်တာဝန်အရ ထိုဆရာကြီးနှစ်ဦးနှင့်တွေ့ကြုံရင်းနှီးခဲ့သလို စာပေနှင့် သတင်းမီဒီယာကိစ္စရပ်များတွင်လည်း ပူးတွဲဆောင်ရွက်ခဲ့ဖူးသဖြင့် အကျိုးရှိနေသည်ကို ကိုယ်တွေ့ခံစားခဲ့ရသည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လွင်လာပြီး သန်မာလာမှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ဖြစ်ပါတယ်။ ကြွက်သားတွေကလည်း ပိုမို ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

---

➤ **စာမျက်နှာ ၄ မှအဆက်**

ကြီးကိုင်တတ်သောလူတစ်စုရဲ့ အာဘော်မဖြစ်စေရ။ (၃)ပြည်သူအများစုရဲ့ အာဘော်သာဖြစ်ရမယ်။ (၄) ထုတ်ဖော်စာ၊ သံတော်ဦးတင်လွှာ၊ အစီရင်ခံစာအရေးအသားမျိုး မဖြစ်စေရ၊ မရေးရ။ (၅)လူထုနား၊ မျက်စိတို့ကို ပိတ်ဆို့စေခြင်းမဖြစ်စေရ။ (၆)အမှားအမှန်အလျောက် ဝန်ချခြင်း၊ ဆန့်ကျင်ခြင်းကို ပြုလုပ်ရန်တာဝန်ရှိတယ်။

Report သတင်းကို သတင်းထောက်က 'ထောက်'ရ၊ 'လိုက်'ရမှာပဲ။ ဒါကြောင့် Reporter သတင်းထောက်လို့ခေါ်တာပါ။ မထောက်မလိုက်ရင် "သတင်းထောက်"မဖြစ်ပါဘူး။ "သတင်းယူ၊ သတင်းခံ"ပဲ ဖြစ်မှာပါပဲ။ သတင်းသမားရဲ့ဘဝနဲ့ သက်မွေးဝမ်းကျောင်းမှုဟာ (က)ရပ်နေလို့မရဘူး။ (ခ)ကြမ်းတမ်းတယ်။ (ဂ)သတင်းမှန်အတွက် မှန်တဲ့ဘက်ကဘက်လိုက်ရဲရမယ်။ ခံစားမှုကင်းလွတ်ရမယ်။ သတင်းသမားရဲ့အရည်အချင်းဟာ စာသင်ခန်းထဲကရတာမဟုတ်ဘူး။ ဘဝထဲက ဖြစ်တယ်။ (Instructions end in the Class Room, Education end in the life )သတင်းသမားကို မွေးယူလို့မရဘူး။ လုပ်ယူမှရနိုင်တယ်။ (Journalist is not born, but made) အဲဒီအတွက် ပါရမီရှိရမယ်။ သတင်းသမားဟာ စာရေးဆရာမဟုတ်ပါဘူး။ စကားတန်ဆာဆင်ရေးတတ်ဖို့မလိုဘူး။ တိုတိုတုတ်တုတ်နဲ့ ကျစ်လျစ်သိပ်သည်းရမယ်။ လိုရင်းကို ကွက်ကွက်ကွင်းကွင်းသိအောင် ဦးတည်တတ်ရမယ်။ သုံးတဲ့စကားလုံးတွေဟာ အား(Forceful)ရှိရပါမယ်။ သတင်းသမားရဲ့စိတ်ဓာတ်ဟာ မဖျို့မပဋိပဒါဖြစ်ရမယ်။ ကိုယ်ရေးတဲ့သတင်းပေါ်မှာ ကိုယ့်ခံစားမှု(Feeling)မထင်ဟပ်စေရပါဘူး။ အစွန်းမရောက်စေရပါဘူး"ဟု ရေးသားထားရာ စိုးစိုးနိုင်(ကြေးမုံ)၏လက်တွေ့ဖြစ်ရပ်များနှင့်ထင်ဟပ်ထပ်တူကျနေသဖြင့် စိုးစိုးနိုင်(ကြေးမုံ)ကို ထပ်ဆင့်ဂုဏ်ပြုလိုက်ရပါသည်။

စိုးစိုးနိုင်၏စာအုပ်၊ အခန်း(၁၁)ထဲပါ **"ထိုင်ရာမထ သတင်းသမား၊ သတင်းကူးယူမိလို့ နီးစပ်ရာလူဆီက သတင်းယူ"**ကဏ္ဍများသည် မီဒီယာလောကထဲတွင် ကြုံတွေ့နေကြရသောဖြစ်ရပ်များနှင့် ကိုက်ညီနေသည်။ နေ့စဉ်ထုတ်သတင်းစာဆရာများက ကျွန်တော်တို့လို အပတ်စဉ်ထုတ်ဂျာနယ်သမားများထက် ပို၍ကြုံတွေ့ဖြေရှင်းနေကြရသည်ကို အကြွင်းမဲ့ယုံကြည်နေသည်။

မှုခင်းဂျာနယ်တစ်စောင်တွင် ကြားသတင်းကို ကိုယ်ပိုင်သတင်းလုပ်ရေးသားသူ မှုခင်းသတင်းထောက်ကြောင့် ဖြေရှင်းပေးခဲ့ရဖူးသည်။ နယ်မြို့ကြီးတစ်မြို့ဘုတာရုံသို့ ထိုမြို့နယ်ထဲရှိ ကျေးရွာကြီးတစ်ရွာမှတက္ကသိုလ်ကျောင်းသူတစ်ဦးရထားဖြင့်ရောက်ရှိခဲ့ရာ ဘူတာရုံတွင် လူကြုံစောင့်နေသောကျေးရွာမှ ငယ်သူငယ်ချင်းလူငယ်အမျိုးသားနှင့်ဆုံတွေ့ခဲ့ကြသည်။ လမ်းကြုံသောကြောင့် လူငယ်၏ဆိုင်ကယ်နှင့် ရွာသို့လိုက်ပါလာခဲ့ရာ ရွာအပြန်လမ်းတွင် ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးသယ်ဆောင်ရောင်းဝယ်မှုနှင့်ဖမ်းဆီးခဲ့သည်။ ထိုသတင်းကို မှုခင်းသတင်းထောက်က စုံစမ်းမေးမြန်းခြင်းမရှိဘဲ **ဘခြောက်လုံး**နှင့်မညီဘဲ **"မူးယစ်ဆေးသယ်ဆောင်လာသောချစ်သူအတွဲကို ရဲက ဖမ်းလိုက်ပြီ"**ဟု ရေးသားပေးပို့ဖော်ပြခဲ့ရာ စွပ်စွဲခံရသူ တက္ကသိုလ်ကျောင်းသူ၏မိဘအသိုင်းအဝိုင်းက တိုင်ကြားသောကြောင့် ပြဿနာအကြီးအကျယ်ဖြစ်ခဲ့ဖူးသည်။

ယခု စိုးစိုးနိုင်(ကြေးမုံ)ကြုံတွေ့ခဲ့ရသည်များမှာ သတင်းစာလောကတွင် ဖြစ်ရိုးဖြစ်စဉ်များသာဟု ပြောဆိုနေကြသော်လည်း တာဝန်ယူမှုတာဝန်ခံမှုအရ စာတည်းအဖွဲ့မှာ အလွန်အန္တရာယ်များလှသည်။

အပြိုင်အဆိုင်များကြားက မြေစာပင်ဖြစ်ခဲ့ရရှာသော စိုးစိုးနိုင်(ကြေးမုံ)က ဝန်ထမ်းစည်းမျဉ်းဥပဒေအရ အရေးယူခံရပုံကို ပညာသားပါပါဖွင့်ဆိုရေးသားထားရာစာနာစိတ်ဖြင့်ရင်နင့်သွားခဲ့ရသည်။ သို့သော်**"ပျက်ကိန်းကြိမ်ကြိမ်၊ ပင့်ကူအိမ်ကို၊ ကြိမ်ကြိမ်ပင်လျှင်၊ ပင့်ကူပြင်၏"**ဆိုသလိုလောကဓံကိုကြံ့ကြံ့ခံပြီး ကြိုးစားနိုးထခဲ့ရာမှ အယ်ဒီတာချုပ်ဖြစ်လာသည်ကိုတော့ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

စိုးစိုးနိုင်(ကြေးမုံ)၏စာအုပ် အခန်း(၁၂) အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်ထဲပါ **"သတင်းအတုအယောင်"**ကဏ္ဍနှင့်ပတ်သက်၍ ကမ္ဘာတစ်လွှားတွင် ကိုဗစ်ကပ်ရောဂါအန္တရာယ်ဖြစ်ပွားနေချိန်တွင် သတင်းအမှား၊ သတင်းအတု၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများသည်လည်း တစ်ဟုန်ထိုးပျံ့နှံ့ခဲ့သောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် **သတင်းအချက်အလက် ကပ်ဘေးသင့်နေကြောင်း၊** ကိုဗစ်ကပ်ရောဂါနှင့်ယှဉ်တွဲပါလာသော ဒုတိယကပ်ရောဂါမှာ သတင်းအချက်အလက်များကပ်ဘေးဖြစ်ပြီး ၎င်းကပ်ဘေးနှစ်ခုစလုံးသည် အသက်သေဆုံးနိုင်ကြောင်း အသိပေးနှိုးဆော်ခဲ့သည်ကိုဖော်ပြထားရာ အလွန်ပင် ထိတ်လန့်အံ့သြဖွယ်၊ သံဝေဂရဖွယ်ကောင်းလှသည်။

စိုးစိုးနိုင်(ကြေးမုံ)၏ စာပေသတင်းစေတနာသည် ယနေ့လက်ရှိဖြစ်ပေါ်နေကြသော သတင်းအတုအယောင်များ၊ သတင်းမှားများ၏အန္တရာယ်အသွယ်သွယ်ကို ကြိုတင်ကာကွယ်နိုင်ကြစေရေးအတွက် မီးမောင်းထိုးပြလိုက်ခြင်းပဲဟု ယူဆရသည်။ သတင်းအတုအယောင်၊ သတင်းအမှားများက နေ့စဉ်နှင့်အမျှ ပွက်လောထနေကြလေရာ ပြည်သူတချို့မှာ မြွေပွေရာကင်းမှောင့်၊ စိတ်အနှောင့်အယှက်ဒုက္ခမျိုးစုံကို ကြုံတွေ့နေကြရသည်။

ထို့ကြောင့် နိုင်ငံပိုင်နေ့စဉ်သတင်းစာများ၌ အထက်ပါသတင်းများနှင့်ပတ်သက်၍ သတင်းအမှားများဖြစ်ကြကြောင်း နေ့စဉ်ထုတ်ပြန်နေကြရသကဲ့သို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကလည်း မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့်ပူးတွဲလျက် ပြည်နယ်နှင့် တိုင်းဒေသကြီးတချို့ရှိမြို့နယ်များတွင် သတင်းတု၊ သတင်းမှားများ၏အန္တရာယ်အသွယ်သွယ်ကို ဟောပြောဆွေးနွေး အသိပညာပေးလျက်ရှိနေကြသည်။ ထို့ပြင် တာဝန်ရှိအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများကလည်း သတင်းတု၊ သတင်းယောင်၊ သတင်းမှားများနှင့် ကောလာဟလများကို မယုံကြည်ကြရန်၊ သတင်းစစ်၊ သတင်းမှန်များကိုသာ သေချာစွာလေ့လာကြရန် အခါအားလျော်စွာ ဆွေးနွေးလှုံ့ဆော်နေခဲ့ကြရသည်။

အချုပ်ဆိုရလျှင် **စိုးစိုးနိုင်(ကြေးမုံ)၏ "သတင်းသမားနလုံးသားမှ ဂန္ထဝင်အကဲ့ရာများ"**စာအုပ်သည် စာရေးသူ၏ ဂန္ထဝင်ဖြစ်ရုံမျှသာမက သတင်းစာလောက၏ ခေတ်သမိုင်းတစ်ပိုင်းတစ်စကို ဂန္ထဝင်တွင်သွားစေသော တက်ကျမ်းစာအုပ်တစ်အုပ်၊ မျိုးဆက်သစ်သတင်းသမားလူငယ်များလက်ကိုင်ထားကျင့်သုံးကြရမည့် ကျင့်ဝတ်စာအုပ်ကောင်းတစ်အုပ်၊ ကိုယ်ပိုင်စာအုပ်စင်များနှင့် စာကြည့်တိုက်တိုင်းတွင် အမြဲတမ်းထားရှိသင့်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်းနှင့် စေတနာမှန်သော ကံတရား၊ ထိုက်တန်သူအတွက် အကျိုးပွားစေလိုပါကြောင်း ကောင်းချီးသြဘာ၊ ဂုဏ်ပြုအမွှမ်းတင်လိုက်ရပါသည်။

---

# ထန်းတက်လုပ်သား

- ရောင်ခြည်ဖြာ နံနက်ခင်း
  ထန်းတောတွင်း ရောက်ရပြီ၊
  တစ်နေ့တာ အလုပ်စခန်းကို
  ကြိုးပမ်းဖို့ရည်၊
  မြူအိုးများ ကြိုးနဲ့ချည်
  ထန်းပင်စည် ခြေရင်း၊
  ထက်အောက်ညီ ရေတွက်ချကာ
  စရဘိခြင်း။

- ထန်းလှီးအိမ် ခါးပတ်သွင်း
  ရင်းထောင်နဲ့ ပင်ယံဆီ၊
  ထန်းစဝယ် မြူအိုးလဲဖို့
  ဆွဲတက်ရသည်၊
  ဓားထက်နဲ့ ပါးလွှာသီ
  ထန်းနို့ရည် ခံယူမြဲ၊
  အိုးပြည့်လျှံ ခါးကိုချိတ်တယ်
  အံကြိတ်လို့ခဲ။

- မိုးပြဒယ် အိုးအမည်းနဲ့
  ထန်းရည်လည်း ပြည့်ကာနေ၊
  ထင်းမီးကို မပြတ်ဆက်ကာ
  ကျိုချက်ရပေ၊
  ညောင်စေးကျ ထန်းလျက်ရည်
  နာနာမွှေရာ လက်တွေညောင်း၊
  ယောက်မခတ်သံ
  တပွမ်ပွမ် လေမှာလွင့်တယ်
  နားစွင့်ဖွယ်ကောင်း။

- ထန်းလျက်ကို ထန်းခေါက်တောင်းနဲ့
  ရောင်းဖို့ထည့် ထမ်းလို့သာ၊
  ပွဲစားအိမ် အရောက်သွားတယ်
  မနားရပါ၊
  ဆန်ဆီဆား စားစရာ
  စုံလင်စွာ ဝယ်လို့ထား၊
  ကြီးပွားစရာ
  စီးပွားရှာ အသပြာအတွက်ရယ်မို့
  သမီးသားစာ တာဝန်မပျက်ပေါ့ကွယ်
  ထန်းတက်လုပ်သား။ ။

**စန်းထက်(ဖန်ခါးမြေ)**

---


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းထံ အက်ဖ်-၁၆တိုက်လေယာဉ်များပေးလျှင် ပစ်ချမည်ဟု သမ္မတပူတင်ပြောကြား

**မော်စကို မတ် ၂၈**

ရုရှားနိုင်ငံအနေဖြင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး) အုပ်စုဝင်နိုင်ငံများကို တိုက်ခိုက်ရန် အစီအစဉ်မရှိသော်လည်း အနောက်အုပ်စုက ယူကရိန်းသို့ပေးပို့မည့် အက်ဖ်-၁၆ တိုက်လေယာဉ်များကို ပစ်ချမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က မတ် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားလေတပ်မှ တိုက်လေယာဉ်မှူးများနှင့်တွေ့ဆုံစဉ် ရုရှားသမ္မတပူတင်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နေတိုးအုပ်စုသည် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ချိန်မှစ၍ ရုရှားနိုင်ငံ၏အရှေ့ဘက်သို့ အင်အားချဲ့ထွင်လာကြောင်း၊ သို့သော် ရုရှားနိုင်ငံအနေဖြင့် မည်သည့်နေတိုးအဖွဲ့ဝင်နိုင်ငံကိုမျှ တိုက်ခိုက်ရန် အစီအစဉ်မရှိကြောင်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် အနောက်အုပ်စုနိုင်ငံများကပေးပို့မည့် အက်ဖ်-၁၆တိုက်လေယာဉ်များကြောင့် ယူကရိန်းစစ်ပွဲအနေအထား ပြောင်းလဲသွားလိမ့်မည်မဟုတ်ကြောင်း၊ ရုရှားတပ်များအနေဖြင့်ယင်းလေယာဉ်များကို ဖျက်ဆီးလိမ့်မည်သာ ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊နော်ဝေနှင့်နယ်သာလန်အပါအဝင်အနောက်အုပ်စုနိုင်ငံများက ယူကရိန်းနိုင်ငံကို အက်ဖ်-၁၆ တိုက်လေယာဉ်များ ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း ကြေညာထားသည်။

၂၀၂၂ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည့် ယူကရိန်းစစ်ရေးပဋိပက္ခကြောင့် ရုရှားနှင့်အနောက်အုပ်စုနိုင်ငံများကြား ဆက်ဆံရေးမှာ ၁၉၆၂ ခုနှစ် ကျူးဘားဒုံးကျည်ပြဿနာနောက်ပိုင်း အဆိုးရွားဆုံးအဆင့်သို့ ကျရောက်ခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## မလေးရှားအစိုးရက ရထားလမ်းစီမံကိန်းကို ထိုင်းနယ်စပ်ထိတိုးချဲ့ရန် စဉ်းစားမည်

**ကွာလာလမ်ပူ မတ် ၂၈**

တရုတ်နိုင်ငံ ဦးဆောင်သော အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ ရထားလမ်းစီမံကိန်းကို မလေးရှားနှင့် ထိုင်းနယ်စပ်ထိ စီမံကိန်း ဆက်တိုးရေးအတွက် မလေးရှားအစိုးရက စဉ်းစားမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်အစိုးရ၏ ရပ်ဝန်းနှင့်လမ်းအစီအစဉ်တွင် အကျုံးဝင်ပြီး အရှည် ၄၁၃မိုင်ရှိမည့် အဆိုပါရထားလမ်းကို လက်ရှိတွင် တည်ဆောက်နေပြီဖြစ်သည်။

ယင်းရထားလမ်းသည် ၂၀၂၆ ခုနှစ်တွင် မလေးရှားကျွန်းဆွယ်၏ အရှေ့ဘက်နှင့် အနောက်ဘက် ကမ်းရိုးတန်းတို့ကို ချိတ်ဆက်ပေးမည်ဖြစ်သည်။

သို့သော် အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှုမြှင့်တင်နိုင်ရန်ယင်းရထားလမ်းကိုထိုင်းနှင့်မလေးရှားနယ်စပ်ထိထပ်မံဖောက်လုပ်ရန် မလေးရှားအစိုးရက ဆန္ဒရှိနေသည်။

မိမိတို့အနေဖြင့် ရထားလမ်းတည်ဆောက်ရေးလုပ်ငန်းကို ထိုင်းနှင့်မလေးရှားနယ်စပ်ထိ တိုးချဲ့အကောင်အထည်ဖော်ရေးအတွက် စဉ်းစားမည်ဖြစ်ကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးအန်တိုနီလိုကီက လွှတ်တော်၌ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိတည်ဆောက်ဆဲမလေးကျွန်းဆွယ် ရထားလမ်းစီမံကိန်းသည် ယခုနှစ်မတ်လတွင် ၆၀ ရာခိုင်နှုန်းထိပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ဂါဇာကမ်းမြောင်ဒေသအတွက် ရိက္ခာ ၂၆ တန်ကို လေကြောင်းမှချပေး



**မက်ဒရစ် မတ် ၂၈**

စပိန်လေတပ်မှ စစ်လေယာဉ်များသည် မတ် ၂၇ ရက်တွင် ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းဒုက္ခသည်များအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ရိက္ခာအကူအညီ ၂၆ တန်ကို လေကြောင်းမှတစ်ဆင့် ချပေးခဲ့ကြောင်း သိရသည်။

ဂါဇာဒေသအတွက် အကူအညီများ လေကြောင်းမှချပေးမှုကို ဂျော်ဒန်နိုင်ငံနှင့် ညှိနှိုင်းပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ၌ အငတ်ဘေးဆိုက်နိုင်မှုကိုကာကွယ်ရေးအတွက် ကုန်းတွင်းလမ်းကြောင်းများဖွင့်ပေးရန်လည်း စပိန်အစိုးရက အစ္စရေးနိုင်ငံကို တောင်းဆိုထားသည်။

ဂါဇာကမ်းမြောင်ဒေသအငတ်ဘေးကို ရှောင်ရှားရေးအတွက် အမေရိကန်၊ပြင်သစ်နှင့် ဂျာမနီအပါအဝင် အခြားကမ္ဘာ့နိုင်ငံများကလည်း လေကြောင်းမှတစ်ဆင့်ရိက္ခာချပေးသည့်နည်းလမ်းကို အသုံးပြုလျက်ရှိသည်။

ငါးလကျော်ကြာ ဂါဇာစစ်ပွဲကြောင့် ဂါဇာမြောက်ပိုင်း၌ယခုနှစ်မေလအတွင်း အငတ်ဘေးဆိုက်နိုင်ကြောင်း ကုလသမဂ္ဂက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း သတိပေးထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်က စတင်ခဲ့သည့် ဂါဇာကမ်းမြောင်စစ်ပွဲအတွင်း ပါလက်စတိုင်းလူမျိုး ၃၂၅၅၂ဦး သေဆုံးခဲ့ရသည်ဟု ဂါဇာကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ဘရာဇီးနှင့် ပြင်သစ်ခေါင်းဆောင်များ ရေငုပ်သင်္ဘောရေချပွဲသို့တက်ရောက်

**ရီယိုဒီဂျနေးရိုး မတ် ၂၈**

ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဘရာဇီးသမ္မတ ဒါလ်ဆေးဗားတို့သည် မတ် ၂၇ ရက်က ဘရာဇီးနိုင်ငံ၌ပြင်သစ်နည်းပညာဖြင့် တည်ဆောက်ခဲ့သည့် ရေငုပ်သင်္ဘောသစ်ရေချပွဲသို့ တက်ရောက်ခဲ့ကြသည်။




အဆိုပါ ရေငုပ်သင်္ဘောသည် ဘရာဇီးနှင့်ပြင်သစ်တို့ကြား ရယူထားသော အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ သဘောတူညီချက်အရ ဘရာဇီးရေတပ်အတွက် ပြင်သစ်နည်းပညာဖြင့် တည်ဆောက်ပေးခဲ့သောတတိယမြောက် ရေငုပ်သင်္ဘောဖြစ်သည်။

တိုနယ်လ်လီရိုအမည်ရှိအဆိုပါ ဒီဇယ်စွမ်းအင်သုံး ရေငုပ်သင်္ဘောသစ်ရေချပွဲကို ရီယိုဒီဂျနေးရိုးမြို့အနီး လွှန်းကျင်းတစ်ခုတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ဘရာဇီးသမ္မတကတော် ဂျန်ဂျာဒါဆေးလ်ဗားက ရေငုပ်သင်္ဘောဦးကို ရှန်ပိန်ပုလင်းနှင့်တိုက်ခွဲ၍ တိုနယ်လ်လီရိုရေငုပ်သင်္ဘောကို အောင်မြင်စွာရေချပေးခဲ့သည်။

ဘရာဇီးနိုင်ငံသည် ရေတပ်အတွက် ဒီဇယ်စွမ်းအင်သုံးရေငုပ်သင်္ဘောများ တည်ဆောက်ရေးအစီအစဉ်ကို ၂၀၀၈ ခုနှစ်တွင် စတင်ခဲ့သည်။

အရှည်မိုင်ပေါင်း ၄၇၀၀ရှိသော ဘရာဇီးကမ်းရိုးတန်းကို ကာကွယ်ရေးအတွက် ရေငုပ်သင်္ဘောအုပ်စုတစ်စုလိုအပ်သည်ဟု ဘရာဇီးအစိုးရက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အာဂျင်တီးနားသံတမန်များကို နိုင်ငံမှထွက်ခွာပေးရန် ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်

**ဘိုဂိုတာ မတ် ၂၈**

ကိုလံဘီယာနိုင်ငံ ဆိုင်ရာ အာဂျင်တီးနားသံတမန်များ နိုင်ငံအတွင်းမှထွက်ခွာပေးရန် ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၂၇ ရက်တွင် ညွှန်ကြားခဲ့ကြောင်း သိရသည်။

စီအင်န်အင်န်သတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အာဂျင်တီးနားသမ္မတ ဇာဗီယာမိုင်လေက ကိုလံဘီယာသမ္မတ ပက်ထရိုကို ကြမ်းတမ်းစွာ ဝေဖန်ခဲ့ပြီးနောက် အာဂျင်တီးနားသံတမန်များကို ကိုလံဘီယာအစိုးရက နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။

စီအင်န်အင်န်သတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် အာဂျင်တီးနား သမ္မတက ကိုလံဘီယာသမ္မတ ပက်ထရိုကို အကြမ်းဖက်သမား၊ လူသတ်သမားစသည့် စကားလုံးများဖြင့် ဝေဖန်ခဲ့သည်။

အာဂျင်တီးနား သမ္မတ၏ အဆိုပါဝေဖန်ချက်များသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံထားရသည့် သမ္မတပက်ထရို၏ ဂုဏ်သိက္ခာကို စော်ကားရာရောက်ကြောင်း ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားထားသည်။

သမ္မတပက်ထရိုသည် ကိုလံဘီယာ၏ပထမဆုံးလက်ဝဲဝါဒီသမ္မတဖြစ်ပြီး အမ်-၁၉ ကွန်မြူနစ်ပြောက်ကျားလှုပ်ရှားမှုတွင်လည်း ပါဝင်ခဲ့ဖူးသူဖြစ်သည်။

အာဂျင်တီးနားသမ္မတမိုင်လေသည် စီအင်န်အင်န်သတင်းဌာနနှင့် ပြုလုပ်ခဲ့သည့်တွေ့ဆုံမေးမြန်းခန်း၌ မက္ကဆီကိုသမ္မတလိုပက်ဇ်အော်ဘရေဒေါ်အပါအဝင် အခြားအမေရိက ခေါင်းဆောင်များကိုလည်း ဝေဖန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် လကမ္ဘာပေါ် ပြန်လည်ခြေချမည့် အာကာသယာဉ်မှူးများ လမျက်နှာပြင်ပေါ်၌ အသေးစားဖန်လုံအိမ် စိုက်ခင်းတစ်ခုဖန်တီးမည်



**နယူးယောက် မတ် ၂၈**

နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် လကမ္ဘာပေါ်ပြန်လည်ခြေချမည့် အာကာသယာဉ်မှူးများသည် လမျက်နှာပြင်ပေါ်၌ အသေးစားဖန်လုံအိမ် စိုက်ခင်းတစ်ခု ဖန်တီးမည်ဖြစ်ကြောင်း မတ် ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ဖြင့် ၂၀၂၆ ခုနှစ်တွင် လမျက်နှာပြင်ပေါ် ပြန်လည်ခြေချမည့် အာကာသယာဉ်မှူးများ ပြုလုပ်ကြရမည့်သိပ္ပံစမ်းသပ်မှုစီမံကိန်းသုံးခုကို ရွေးချယ်ထားကြောင်း သိရသည်။

အထက်ပါ သိပ္ပံစမ်းသပ်မှုလုပ်ငန်းစဉ်သုံးရပ်တွင် လမျက်နှာပြင်ပေါ်၌ အပင်များစမ်းသပ်စိုက်ပျိုးရေးလည်းပါဝင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

LEAF အမည်ရှိ အထက်ပါ စမ်းသပ်ချက်အရ လကမ္ဘာရောက် အာကာသယာဉ်မှူးများအနေဖြင့် လကမ္ဘာဝန်းကျင်အောက်၌ အပင်များ အလင်းဖြင့်စွမ်းအင်ချက်လုပ်မှုပုံစံ၊ ကြီးထွားမှုပုံစံနှင့် ဖြာထွက်ရောင်ခြည် တုံ့ပြန်မှုပုံစံများကို လေ့လာမည်ဖြစ်သည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

လက်ရှိအချိန်တွင် နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ဖြင့် လိုက်ပါမည့် အာကာသယာဉ်မှူးများကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

တရုတ်နိုင်ငံသည်လည်း ချန်အာ-၄ လဆင်းယာဉ်ဖြင့် လမျက်နှာပြင်ပေါ်၌ အပင်များစမ်းသပ်စိုက်ပျိုးခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အိမ်သုံးပစ္စည်းများ၌ တွေ့ရှိရသည့် ဓာတုပစ္စည်းအများအပြားက ဦးနှောက်ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်

**နယူးယောက် မတ် ၂၈**

ဆံပင်ဆိုးဆေး၊ ပိုးသတ်ဆေးကဲ့သို့ အိမ်သုံးပစ္စည်းများ၌ တွေ့ရှိရသည့် ဓာတုပစ္စည်းအများအပြားသည် ဦးနှောက်ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း မတ် ၂၇ ရက် သတင်းများအရ သိရသည်။

ထို့ပြင် အထက်ပါ အိမ်သုံးပစ္စည်းများ၌တွေ့ရသည့် ဓာတုပစ္စည်းများသည် ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ်ပျက်စီးမှုရောဂါ (MS)၊ အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေများနှင့် ဆက်စပ်နေနိုင်ကြောင်း အမေရိကန်နိုင်ငံ ကေ့ဝက်စ်သမ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ အိမ်သုံးပစ္စည်းများတွင်ပါဝင်သည့် ဓာတုပစ္စည်း ၁၈၂၃ မျိုးအနက် ၂၉၂ မျိုးသည် Oligodendrocyte ခေါ် ဦးနှောက်ဆဲလ်တစ်မျိုးအတွက် အဆိပ်အတောက်များဖြစ်နေနိုင်သည်။

Oligodendrocyte ဆဲလ်များ ပျက်စီးဆုံးရှုံးခဲ့ပါက MS ရောဂါနှင့် အခြားအာရုံနာ့ဗ်ဆဲလ်ရောဂါများ ဖြစ်ပွားလာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လူသုံးပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများသည် Oligodendrocyte ဆဲလ်များကို တိုက်ရိုက်ဖျက်ဆီးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ SOHO အာကာသရေဒီယိုတယ်လီစကုပ်က ၎င်း၏အစင်း ၅၀၀၀ မြောက် ကြယ်တံခွန်ကို ရှာဖွေအတည်ပြုနိုင်ခဲ့

**ပဲရစ် မတ် ၂၈**

ဥရောပအာကာသအေဂျင်စီ၏ SOHO အာကာသရေဒီယိုတယ်လီစကုပ်သည် ၎င်း၏အစင်း ၅၀၀၀ မြောက် ကြယ်တံခွန်ကို ရှာဖွေအတည်ပြုနိုင်ခဲ့ကြောင်း မတ် ၂၇ ရက် သတင်းများအရ သိရသည်။

SOHO အာကာသရေဒီယိုတယ်လီစကုပ်၏ အစင်း ၅၀၀၀ မြောက် ကြယ်တံခွန်ကို၎င်းအာကာသယာဉ်မှ ရရှိထားသော အချက်အလက်များမှတစ်ဆင့် တရုတ်သိပ္ပံပညာရှင်တစ်ဦးက ရှာဖွေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SOHO အာကာသရေဒီယိုတယ်လီစကုပ်၏ အစင်း ၅၀၀၀ မြောက် ကြယ်တံခွန်သည် ရေခဲနှင့် ကျောက်သား ရောနှောဖွဲ့စည်းထားပြီး နေကိုတစ်ပတ်ပတ်မိရန် နှစ်အနည်းငယ် အချိန်ယူရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



SOHO အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် တွေ့ရှိခဲ့သည့် ကြယ်တံခွန်အစင်း ၅၀၀၀ အနက် အများစုမှာ နိုင်ငံတကာမှ နက္ခတ္တရူပဗေဒ အပျော်တမ်းလေ့လာသူများက ရှာဖွေပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် SOHO အာကာသရေဒီယိုတယ်လီစကုပ်ကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် နေနှင့်နေ၏အပြင်လေထုလွှာ လှုပ်ရှားမှုများကို လေ့လာရေးအတွက် SOHO ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## လေဖြတ်ခဲ့သည့်လူနာ ၁၀ ဦးလျှင် ခြောက်ဦးက စိတ်ကျဝေဒနာဖြင့် ရင်ဆိုင်ရတတ်ကြောင်းတွေ့ရှိ

**လန်ဒန် မတ် ၂၈**

လေဖြတ်မှုမှ အသက်ရှင်ခွင့်ရခဲ့သူ လူနာ ၁၀ ဦးလျှင် ခြောက်ဦးသည် နောက်ပိုင်းကာလများ၌ စိတ်ကျဝေဒနာဖြင့် ရင်ဆိုင်ရတတ်ကြောင်း သုတေသနပညာရှင်များက မတ် ၂၇ ရက်တွင် ၎င်းတို့၏တွေ့ရှိချက်ကို ပြောကြားသည်။

ထို့ပြင် လေဖြတ်ခဲ့ဖူးသူ လူနာ ၁၀ ဦးလျှင် ခြောက်ဦးမှာ လေဖြတ်ပြီး ငါးနှစ်အတွင်း စိတ်ကျဝေဒနာဖြင့်ရင်ဆိုင်ရတတ်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

လေဖြတ်မှုကြောင့် ပေါ်ပေါက်လာသည့် ဦးနှောက်အတွင်း ဇီဝဓာတုအပြောင်းအလဲများမှာ စိတ်ကျဝေဒနာပေါ်ထွက်မှုနှင့် ဆက်စပ်နေသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လေဖြတ်ပြီးနောက် အသက်ရှင်ခွင့်ရခဲ့သည့် လူနာဦးရေ ၆၆၀၀၀ ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ပြင်းထန်သည့် စိတ်ကျဝေဒနာသည် လေဖြတ်ပြီးချိန်၌ မူလမျှော်လင့်ထားသည်ထက်ပိုစော၍ ပေါ်ထွက်လာနိုင်ပြီး ပို၍လည်း ကြာမြင့်တတ်သည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ထိုနည်းတူ စိတ်ကျဝေဒနာသည် လေဖြတ်ခဲ့ဖူးသည့် လူနာများ၏ လှုပ်ရှားမှုများအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်တတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## သီတင်းနှစ်ပတ်ကြာ လကမ္ဘာဒုတိယညကာလလွန်မြောက်ခဲ့ပြီး SLIM လဆင်းယာဉ် ပြန်လည်နိုးထလာရေးအတွက် ဂျပန်အာကာသအေဂျင်စီ ကြိုးပမ်းမည်ဖြစ်

**တိုကျို မတ် ၂၈**

သီတင်းနှစ်ပတ်ကြာ လကမ္ဘာဒုတိယညကာလ လွန်မြောက်ခဲ့ပြီး SLIM လဆင်းယာဉ် ပြန်လည်နိုးထလာရေးအတွက် ဂျပန်အာကာသအေဂျင်စီက ကြိုးပမ်းမည်ဖြစ်ကြောင်း မတ် ၂၇ ရက် သတင်းများအရ သိရသည်။

SLIM လဆင်းယာဉ်သည် ယခုနှစ် ဇန်နဝါရီလတွင် လပေါ်သို့ ဆင်းသက်နိုင်ခဲ့သော်လည်း အနေအထားမမှန်မှုကြောင့် နေစွမ်းအင်ပြားများ ဦးစိုက်ပြောင်းပြန်ဖြစ်ခဲ့ရသည်။

သို့ရာတွင် SLIM လဆင်းယာဉ်သည် နှစ်ရက်ကြာမျှသိပ္ပံပညာ စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီလအစောပိုင်းတွင် လကမ္ဘာ၏ ပထမဆုံးညကာလကို စတင်ပျံသန်းခဲ့ကြောင်း သိရသည်။

လကမ္ဘာ ပထမညကာလမှ အောင်မြင်စွာ နိုးထနိုင်ခဲ့ပြီး မတ်လအစောပိုင်းတွင် လကမ္ဘာဒုတိယ မြောက် ညကာလကို ထပ်မံကျော်ဖြတ်ခဲ့သည်။

လက်ရှိအချိန်တွင် လမျက်နှာပြင်ပေါ်၌ လကမ္ဘာညကာလ ကုန်ဆုံးခဲ့ပြီဖြစ်ရာ SLIM လဆင်းယာဉ် ပြန်လည်နိုးထနိုင်ရေးအတွက် မိမိတို့ကြိုးပမ်းမည်ဖြစ်ကြောင်း ဂျပန်အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဂျပန်အာကာသ အေဂျင်စီသည် SLIM လဆင်းယာဉ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်များ

ML

**ရက်ဖီးလ်(U) Vs ဖူလ်ဟမ်**

**ကစားမည့်ရက်/အချိန် ၃၀-၃-၂၀၂၄ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖူလ်ဟမ် ၃ – ၁ ရက်ဖီးလ်(U)**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရက်ဖီးလ်(U) | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| ဖူလ်ဟမ် | – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ရက်ဖီးလ်(U)ဟာ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ရလဒ်ဆိုးရွားနေပေမဲ့ အိမ်ကွင်းကစားပုံနဲ့ကစားအားကတော့ ပြိုင်ဘက်မရွေးတုံ့ပြန်ကစားနိုင်စွမ်းရှိပါတယ်။ ဖူလ်ဟမ်ကတော့ လက်ရှိတိုက်စစ်ထက်မြက်နေပေမဲ့ အဝေးကွင်းကစားပုံတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ကွင်းမှာ အနိမ့်ဆုံးသရေကစားလာမဲ့ ရက်ဖီးလ်(U)အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ရက်ဖီးလ်(U) ၁ – ၁ ဖူလ်ဟမ်**

**ဘုန်းမောက် Vs အဲဗာတန်**

**ကစားမည့်ရက်/အချိန် ၃၀-၃-၂၀၂၄ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အဲဗာတန် ၃ – ၀ ဘုန်းမောက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | – | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(နိုင်) |
| အဲဗာတန် | – | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |

ဘုန်းမောက်အသင်းဟာ နောက်ဆုံးသုံးပွဲဆက် ရှုံးပွဲမရှိဘဲ တိုက်စစ်ကလဲ သွင်းဂိုးရှစ်ဂိုးထိသွင်းယူခဲ့တာကြောင့် ယုံကြည်မှုပိုင်းမြင့်တက်နေတာဖြစ်ပါတယ်။ အဲဗာတန်အနေနဲ့ ကစားပုံကျစ်လျစ်မှုရှိလာပေမဲ့ နောက်ဆုံးသုံးပွဲမှာ ပွဲကျပ်ကစားခဲ့ရလို့ ရမှတ်တွေဆုံးရှုံးခဲ့တာကြောင့် အခုလိုခြေရည်တူအသင်းနဲ့တွေ့ချိန်မှာ နိုင်ပွဲရှာမှာသေချာပါတယ်။ ဒါကြောင့် ကစားပုံမာကျောတဲ့ အဲဗာတန်အသင်းနဲ့ပဲလက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘုန်းမောက် ၁ – ၂ အဲဗာတန်**

## အီတလီစီးရီးအေ ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်

ML

**ဂျီနိုအာ Vs ဖရိုစီဝမ်း**

**ကစားမည့်ရက်/အချိန် ၃၀-၃-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုစီဝမ်း ၂ – ၁ ဂျီနိုအာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| ဖရိုစီဝမ်း | – | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နှစ်သင်းစလုံးရလဒ်ပိုင်းဆိုးရွားနေပေမဲ့ ဂျီရိုနာအသင်းက အိမ်ကွင်းတိုက်စစ်နဲ့ကစားပုံထက်မြက်နေတာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရဖို့ ပြင်ဆင်လာမှာပါ။ ဖရိုစီဝမ်းကတော့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ပွဲတိုင်းပေးဂိုးများနေပြီး အဝေးကွင်းဆိုရင် တိုက်စစ်ပိုင်းကလဲ ဂိုးရဖို့ခက်ခဲနေတာကိုတွေ့ရမှာပါ။ဒါကြောင့် ဂျီနိုအာအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဂျီနိုအာ ၂ – ၁ ဖရိုစီဝမ်း**

## အားကစားသတင်းအတိုအထွာများ

- ❑ လာမည့် ယူရို ၂၀၂၄ပြိုင်ပွဲတွင် အသင်းတစ်သင်းလျှင် ကစားသမား ၂၆ ဦးထိခေါ်ယူခွင့်ရရှိရန် ယူရိုပြိုင်ပွဲဝင်မည့်နည်းပြများအားလုံး ယူအီးအက်ဖ်အေနှင့် ဆွေးနွေးညှိနှိုင်းရမည်ဖြစ်ကြောင်း နည်းပြဆောက်ဂိတ်ကထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ လီဗာပူးအသင်းက ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ရိုဒရီဂိုကို လာမည့်နွေရာသီတွင်ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ❑ လာမည့်နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာခွင့်ရရှိရန် အသင်းနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း ကွင်းလယ်ကစားသမား ကီမစ်ချ်က ပြောကြားခဲ့သည်။ ML

## အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် လိုင်ယွန်အမျိုးသမီးအသင်းနှင့် ချဲလ်ဆီးအမျိုးသမီးအသင်းတို့ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်



**လန်ဒန် မတ် ၂၈**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ချဲလ်ဆီးအမျိုးသမီးအသင်းနှင့် လိုင်ယွန်အမျိုးသမီးအသင်းတို့သည် ပြိုင်ဘက်များကို အသီးသီးအနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လိုင်ယွန်အမျိုးသမီးအသင်းနှင့် ဘင်ဖီကာအမျိုးသမီးအသင်းတို့ ကစားခဲ့ရာ ဥရောပထိပ်သီးလိုင်ယွန်အမျိုးသမီးအသင်းက ပထမအကျော့အဝေးကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သကဲ့သို့ ဒုတိယအကျော့ပွဲစဉ်အဖြစ် အိမ်ကွင်းတွင် ကစားခဲ့ရာတွင်လည်း လေးဂိုး တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ချဲလ်ဆီးအမျိုးသမီးအသင်းနှင့် အေဂျက်အမျိုးသမီးအသင်းတို့ပွဲစဉ်တွင်လည်း ချဲလ်ဆီးအမျိုးသမီးအသင်းသည် ပထမအကျော့ အဝေးကွင်းတွင် ကစားခဲ့ရာ သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ အိမ်ကွင်းတွင် ကစားခဲ့ရာတွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် လေးဂိုး တစ်ဂိုးဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ဘာစီလိုနာ အမျိုးသမီးအသင်းနှင့် ဘာရန်း အမျိုးသမီးအသင်း၊ ပီအက်စ်ဂျီ အမျိုးသမီးအသင်းနှင့် ဘီကေဟာကန်အသင်းတို့ဆက်လက်ကစားသွားရမည်ဖြစ်ပြီး ပွဲစဉ်ဇယားရေးဆွဲမှုအရ ဆီမီးဖိုင်နယ်အဆင့်တွင် ချဲလ်ဆီးအမျိုးသမီးအသင်းသည်ဘာစီလိုနာအမျိုးသမီးအသင်းနှင့် ဘာရန်းအမျိုးသမီးအသင်းတို့မှ အနိုင်ရရှိမည့်အသင်းနှင့်လည်းကောင်း၊လိုင်ယွန်အမျိုးသမီးအသင်းသည်ဘီကေဟာကန်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့မှ အနိုင်ရရှိမည့် အသင်းနှင့်လည်းကောင်း ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

## မတ်လအတွက် လာလီဂါလူငယ်အကောင်းဆုံးဆုကို ဘာစီလိုနာကစားသမား ကျူဘာစီရရှိ




**မက်ဒရစ် မတ် ၂၈**

မတ်လအတွက် လူငယ်တစ်လတာ အကောင်းဆုံးကစားသမားဆုကို အသက် ၁၇နှစ်ရှိ ဘာစီလိုနာအသင်းခံစစ်ကစားသမားကျူဘာစီက ဆွတ်ခူးခဲ့သည်။

လူငယ် ခံစစ်ကစားသမား ကျူဘာစီသည် မတ်လအတွင်းကစားခဲ့သည့်ပွဲစဉ်များတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့ပြီး ဘီလ်ဘာအိုအသင်း၊ မာယော့ကာအသင်းနှင့် အေတီကိုအသင်းတို့နှင့်တွေ့ဆုံခဲ့ရာ ပေးဂိုးမရှိအောင် အဓိကနေရာမှပါဝင်၍ ၎င်း၏ခြေစွမ်းကို ပြသနိုင်ခဲ့သောကြောင့် တစ်လတာအကောင်းဆုံးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား ကျူဘာစီသည် လူငယ်တစ်လတာအကောင်းဆုံးဆုအတွက် ဗလင်စီယာကစားသမားမာမာဒက်ရှ်ဗီလီ၊ဗီလာရီးရဲလ်ကစားသမားဘေနာ၊ဘီလ်ဘာအိုကစားသမား ပရာဒို့စ်၊ ရီးရဲလ်မက်ဒရစ်ကစားသမား ကာမာဗင်ဂါတို့နှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း ၎င်းက မဲအသာဖြင့် အဆိုပါကစားသမားများကို ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။

ကျူဘာစီသည် ယခုနှစ်မှ ဘာစီလိုနာအသင်းကြီးနှင့်ပူးပေါင်းခွင့်ရခဲ့သော်လည်း နည်းပြဇာဗီ၏ ယုံကြည်မှုကို ရရှိထားသူဖြစ်၍ ပြိုင်ပွဲစုံ ၁၃ ပွဲထိ ပါဝင်ခွင့်ရခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၁၀ပွဲတွင် ကိုးပွဲထိ ပွဲထွက်ခွင့်ရခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ပွဲထွက်ကစားခွင့်ရခဲ့သောကြောင့် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အသင်းနှင့်အတူအောင်မြင်မှုများရယူနိုင်ခဲ့သည်။

ထို့ပြင် လူငယ်တိုက်စစ်မှူး ယာမယ်ကလည်း မတ်လအတွက် တစ်လတာ အကောင်းဆုံးသွင်းဂိုးဆုကို ရယူနိုင်ခဲ့သောကြောင့် ဘာစီလိုနာအသင်းက တစ်လတာ အကောင်းဆုံးဆု နှစ်ဆုထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

## မီယာမီအိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ မျက်ဒဗျက်တက်ရောက်

**ဖလော်ရီဒါ မတ် ၂၈**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပနေသည့် မီယာမီအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့်ချီလီတင်းနစ်ကစားသမားနီကိုလက်စ်ဂျာရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၂၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့အဆင့်(၄) နေရာတွင် ရပ်တည်နေသည့် မျက်ဒဗျက်သည် ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ဆင်နာနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဂျန်နစ်ဆင်နာသည် ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်ကစားသမား သောမတ်စ်မာချက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျန်နစ်ဆင်နာက (၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မျက်ဒဗျက်အနေဖြင့် ယခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျန်နစ်ဆင်နာကို ရှုံးနိမ့်ခဲ့သဖြင့် အဆိုပါရှုံးကြွေးကိုပြန်ဆပ်နိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

မျက်ဒဗျက်က "ကွာတားဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့စွမ်းဆောင်ရည်ဟာ အားရကျေနပ်ဖွယ်ကောင်းပါတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာ ပြီးပြည့်စုံတဲ့ပုံစံမျိုးနဲ့ ကစားနိုင်ခဲ့တယ်။ နီကိုလက်စ်ဟာ ဒုတိယပွဲငယ်မှာတော့ ပုံစံကောင်းပြန်ရခဲ့ပြီး ကျွန်တော့်ကို ဖိအားပေးကစားနိုင်ခဲ့တယ်။ဒုတိယပွဲငယ်ဟာ တော်တော်လေးအကြိတ်အနယ်ရှိခဲ့တယ်။tie-breakအဆင့်ထိရောက်ရှိခဲ့သလို ခက်ခက်ခဲခဲကစားပြီးမှ အနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# အက်ဖ်အေက နော်တင်ဟမ်အသင်းကို ဒဏ်ငွေ စတာလင်ပေါင် ၇၅၀၀၀ ပြစ်ဒဏ်ချမှတ်



**လန်ဒန် မတ် ၂၈**

ပြီးခဲ့သည့် မတ် ၂ ရက်က ကစားခဲ့သည့် နော်တင်ဟမ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် ကစားသမားများနှင့် နည်းပြအဖွဲ့ဝင်များကို ထိန်းသိမ်းရန် ပျက်ကွက်ခဲ့သည့် နော်တင်ဟမ်အသင်းကို အက်ဖ်အေက စွဲချက်တင်၍ ဒဏ်ငွေ စတာလင်ပေါင် ၇၅၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နာကျင်အချိန်ပို ရှစ်မိနစ်ခွင့်ပြုထားသော်လည်း လီဗာပူးအသင်းကစားသမား နူနက်က ပွဲကစားချိန် နာကျင်အချိန်ပို ကိုးမိနစ်တွင် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် အငြင်းပွားဖွယ်ရာဖြစ်ခဲ့ပြီးနောက် ကွင်းလယ်ဒိုင်တီယာနေးက ပွဲသိမ်းခရာမှုတ်ချိန်တွင် နော်တင်ဟမ်အသင်းလက်ထောက်နည်းပြစတီဗင်ရိဒ်နှင့် ကစားသမားများက ကွင်းလယ်ဒိုင်ကို စောဒကတက်မှုများပြုလုပ်ခဲ့ရာ ကွင်းလယ်ဒိုင်က စတီဗင်ရိဒ်ကို အနီကတ် ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကွင်းလယ်ဒိုင်ကို ညစ်ညမ်းသည့်ပြောဆိုမှုများကြောင့် အက်ဖ်အေက စတီဗင်ရိဒ်ကို ဒဏ်ငွေစတာလင်ပေါင်၅၀၀၀ နှင့် နှစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်က နော်တင်ဟမ်အသင်းကစားသမားများနှင့် နည်းပြအဖွဲ့၏ အပြုအမူကို စောင့်ကြည့်စစ်ဆေးခဲ့ပြီးနောက် အသင်းအနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ယခုကဲ့သို့ဖြစ်စဉ်မျိုး ခုနစ်ကြိမ်ထိ ရှိခဲ့မှုကြောင့် ပြစ်ဒဏ်တစ်ကြိမ်လျှင် စတာလင်ပေါင် ၅၀၀၀ ထိ တိုးမြှင့်ချမှတ်ခဲ့ပြီးကစားသမားနှင့် နည်းပြအဖွဲ့များကို ထိန်းသိမ်းရန်ပျက်ကွက်ခဲ့သည့် နော်တင်ဟမ်အသင်းကို ဒဏ်ငွေ စတာလင်ပေါင် ၇၅၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် နော်တင်ဟမ်အသင်းသည် ကစားသမားများကိုထိန်းသိမ်းရန်ပျက်ကွက်ခဲ့မှုကြောင့် လေးကြိမ်ထိ အက်ဖ်အေ၏အရေးယူခြင်းခံခဲ့ရပြီး လက်ရှိတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့သည့်အတွက် ရမှတ်လေးမှတ်လျှော့ခံရကာ အမှတ်ပေးဇယားအဆင့်(၁၈) နေရာသို့ ကျဆင်းခဲ့သဖြင့် တန်းဆင်းရမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **Ref : RT**

**Trs : ML**

# လော့စ်အိန်ဂျယ်လိစ်အက်ဖ်စီအသင်းက အေစီမီလန်အသင်းမှ ဂီရော့ဒ်ကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ

**ဝါရှင်တန် မတ် ၂၈**

မေဂျာလိဂ်ကလပ်လော့စ်အိန်ဂျယ်လိစ်အက်ဖ်စီအသင်းက အေစီမီလန်အသင်းမှ ဝါရင့်တိုက်စစ်ကစားသမားဂီရော့ဒ်ကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့သည်။

အသက် ၃၇နှစ်ရှိ ဂီရော့ဒ်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ချဲလ်ဆီးအသင်းမှ အေစီမီလန်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီးယခုနှစ်ဘောလုံးရာသီတွင်လည်း စီးရီးအေပြိုင်ပွဲတွင် ၂၆ပွဲထိ ပါဝင်ကစားခဲ့ကာ ၁၂ဂိုးထိ သွင်းယူထားသူဖြစ်သည်။

ဂီရော့ဒ်သည် အေစီမီလန်အသင်းတွင် ခြေစွမ်းပြသလျက်ရှိနေသော်လည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင်အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး အေစီမီလန်အသင်းက ၎င်း၏ အသက်အရွယ်ကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုခြင်း မရှိတော့သည့်အတွက် ရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲရမည်ဖြစ်သည်။

လော့စ်အိန်ဂျယ်လိစ်အက်ဖ်စီအသင်းက ဂီရော့ဒ်ကို ခေါ်ယူရန်အတွက် ယခုလအစောပိုင်းကတည်းက ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ သဘောတူညီမှုရရှိခဲ့ပြီး ဂီရော့ဒ်အနေဖြင့် လာမည့်ဇူလိုင် ၁ ရက်တွင် လော့စ်အိန်ဂျယ်လိစ်အက်ဖ်စီအသင်းနှင့် ၂၀၂၅ ခုနှစ် ဇွန်လထိ တစ်နှစ်သက်တမ်းစာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

လက်ရှိတွင် ဂီရော့ဒ်သည် အေစီမီလန်အသင်းနှင့်အတူပြိုင်ပွဲစုံ ၁၂၂ပွဲထိ ပါဝင်ကစားထားကာ ၄၆ဂိုး သွင်းယူထားကြောင်း သိရသည်။ **Ref : Sputnik**

**Trs : STA**

# မြန်မာဖူဆယ်အသင်းနှင့် အာဖဂန်နစ္စတန်ဖူဆယ်အသင်းတို့ကစားမည့် ခြေစမ်းပွဲလက်မှတ်များကို မတ် ၂၉ရက်တွင် ရောင်းချမည်

**ရန်ကုန် မတ် ၂၈**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ကစားမည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ကစားမည့်ပွဲစဉ်အတွက် လက်မှတ်များကို မတ် ၂၉ရက် **(ယနေ့)**တွင် စတင်ရောင်းချသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့်အာဖဂန်နစ္စတန်အသင်းတို့သည် လာမည့် မတ် ၃၀ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ)တွင် ခြေစမ်းပွဲစဉ်နှစ်ပွဲ ကစားသွားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲစဉ်အတွက် လက်မှတ်များကို မတ် ၂၉ ရက် **(ယနေ့)** နံနက် ၉နာရီခွဲမှ ညနေ ၄ နာရီထိ သတ်မှတ်ထားသည့်အတိုင်း လက်မှတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးနှင့် အမျိုးသားအားကစားပြိုင်ပွဲ ရုံ-၁ (သုဝဏ္ဏ) တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ပွဲစဉ်အတွက် လက်မှတ်ခကို ငွေကျပ် ၃၀၀၀သတ်မှတ်ထားပြီး လက်မှတ် ဝယ်လိုသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ယာဉ်မောင်းလိုင်စင် ယူဆောင်လာရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်တစ်ခုလျှင် လက်မှတ်နှစ်စောင်နှုန်းသာ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



အလားတူ ပွဲကစားမည့်နေ့များတွင်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးနှင့် အမျိုးသားအားကစားပြိုင်ပွဲ ရုံ-၁(သုဝဏ္ဏ) ဝင်ပေါက်တို့တွင် ထပ်မံရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **STA**

# စပိန်လာလီဂါ ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်

STA

**ဘာစီလိုနာ Vs လက်ပါးမက်**

**ကစားမည့်ရက်/အချိန် ၃၁-၃-၂၀၂၄ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်ပါးမက် ၁ – ၂ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| လက်ပါးမက် | – | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(ရှုံး) |

အမှတ်ပေးဇယားထိပ်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနဲ့ ရှစ်မှတ်ထိ ကွာဟနေတဲ့ ဘာစီလိုနာအသင်းဟာရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ လက်ပါးမက်အသင်းဟာ ဘာစီလိုနာအသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဘာစီလိုနာ ၄ – ၀ လက်ပါးမက်**

# ပြင်သစ်လီဂူးပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်

STA

**မက်ဇ် Vs မိုနာကို**

**ကစားမည့်ရက်/အချိန် ၃၀-၃-၂၀၂၄ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိုနာကို ၂ – ၁ မက်ဇ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မက်ဇ် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| မိုနာကို | – | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(သရေ) |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အဆင့်(၄)နေရာက အသင်းနဲ့သုံးမှတ်သာ ကွာဟမှုရှိတာကြောင့် မိုနာကိုအသင်းအတွက် ရမှတ်လိုအပ်ချက်ရှိနေပါတယ်။ မိုနာကိုအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်ကလဲ နိုင်ပွဲပျောက်ဆုံးထားလို့ အခုပွဲစဉ်မှာတော့ အမှားခံမှာမဟုတ်ပါဘူး။ မက်ဇ်အသင်းဟာ မိုနာကိုအသင်းနဲ့တွေ့ဆုံတိုင်းရှုံးကန်ရလေ့ရှိနေလို့ တွေ့ဆုံမှုတိုင်းမှာအသာစီးရရှိထားတဲ့ မိုနာကိုအသင်းပဲ နိုင်ပွဲပြန်လည်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – မက်ဇ် ၁ – ၂ မိုနာကို**

# ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်များ

STA

**လိုက်ပ်ဇစ် Vs မိန့်ဇ်**

**ကစားမည့်ရက်/အချိန် ၃၀-၃-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိန့်ဇ် ၂ – ၀ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | – | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| မိန့်ဇ် | – | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

နှစ်ပွဲဆက်နိုင်ပွဲပြန်လည်ရရှိထားပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတဲ့လိုက်ပ်ဇစ်အသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိမိန့်ဇ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိလို့ လိုက်ပ်ဇစ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းသာလွန်မှုရှိတဲ့ လိုက်ပ်ဇစ်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – လိုက်ပ်ဇစ် ၃ – ၀ မိန့်ဇ်**

**ဘိုင်ယန်မြူးနစ် Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၃၀-၃-၂၀၂၄ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၀ – ၄ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဒေါ့မွန် | – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

ဘိုင်ယန်မြူးနစ်အသင်းဟာ လေဗာကူဆင်အသင်းနဲ့ရမှတ် ၁၀မှတ်ထိကွာဟနေလို့ အိမ်ကွင်းမှာနိုင်ပွဲပြန်လည်ရရှိအောင်ပြင်ဆင်လာမှာပါ။ ဒေါ့မွန်အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက်နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ကစားတိုင်းရှုံးကန်ရလေ့ရှိပါတယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘိုင်ယန်မြူးနစ် ၃ – ၂ ဒေါ့မွန်**

# နိုင်ငံတော်ကာကွယ်ရေးတာဝန် တို့တာဝန်

မန္တလာကိုကိုဝင်း

ကျွန်တော်က စာပေအသိုင်းအဝိုင်းမှာ လှုပ်ရှားသွားလာနေသူဆိုတော့ မဖတ်ရသေးတဲ့စာအုပ်မြင်ရင် စွဲစွဲလမ်းလမ်းဖတ်ပါတယ်။ ဖတ်မိတဲ့စာအုပ်တွေမှာ ကြိုက်နှစ်သက်တာရှိသလို မကြိုက်နှစ်သက်တဲ့ စာတွေလဲ ပါပါတယ်။ မကြိုက်တဲ့အခါမျိုးမှာတော့ တစ်ခါပဲဖတ်ပြီး ကြိုက်နှစ်သက်တဲ့စာအုပ်တွေကိုတော့ အကြိမ်ကြိမ်အခါခါ ဖတ်ပါတယ်။ သိပ်ကြိုက်ရင် မှတ်စုမှာရေးမှတ်လိုက်ပါတယ်။ အပြည့်အစုံမှတ်တမ်းတင်ဖို့အချိန်မရရင်တောင်မှ စာအုပ်နာမည်နဲ့စာမျက်နှာကို မှတ်လိုက်ပါတယ်။ အခု ကျွန်တော်ရေးမဲ့အကြောင်းအရာက ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ရေးသားမလို့ပါ။

ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်လို့ လူငယ်တွေ ပြည့်ပြည့်စုံစုံ သိစေချင်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ ဒီနိုင်ငံမှာ လူလာဖြစ်သူတိုင်းရဲ့ တာဝန်ပါပဲ။ ဒီနိုင်ငံမှာလူလာဖြစ်သူတိုင်းဆိုတဲ့ အသုံးအနှုန်းက နည်းနည်းတော့ ရင့်သီးပါတယ်။ ပြောချင်တာက နိုင်ငံသားတိုင်းရဲ့မွေးရာပါတာဝန်လို့ ပြောချင်တာပါ။ ဒါကလဲ နိုင်ငံတိုင်းမှာ နေထိုင်ကြတဲ့ နိုင်ငံသားတိုင်းဟာ သူတို့နိုင်ငံကို သူတို့ကာကွယ်နေကြရတာပါ။ ကိုယ့်နိုင်ငံကို ကိုယ်မကာကွယ်ရင် နိုင်ငံပျောက်သွားမှာအမှန်ပါပဲ။ နိုင်ငံမဲ့ဘဝဆိုတာ တွေးကြည့်ရင် ရင်နာစရာကောင်းလှပါတယ်။

မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး မကွယ်ပျောက်အောင် သက်ရှိထင်ရှားရှိနေသူတိုင်းက ကာကွယ်စောင့်ရှောက်ရမှာပါ။ ဒီနေရာမှာ ကျွန်တော်ဖတ်ခဲ့တဲ့ အကြောင်းအရာတချို့ကို ဖော်ပြပါ့မယ်။

"အမေရိကန်ပြည်ထောင်စုရဲ့ ၃၂ ယောက်မြောက်သမ္မတဖြစ်တဲ့ ဖရန်ကလင်ဒီလာနိုရုစဗဲ့ဟာ အမေရိကန်သမိုင်းမှာ သမ္မတသက်တမ်းနှစ်ကြိမ်ထက်ပိုပြီး အရွေးမခံရဆိုတဲ့ အစဉ်အလာကိုကျော်လွန်ပြီး လေးကြိမ်တိတိ သမ္မတဖြစ်ခဲ့သူဖြစ်ပါတယ်။ ၁၉၄၀ ပြည့်နှစ် သုတတိယအကြိမ် သမ္မတအဖြစ်အရွေးခံရတဲ့အချိန်မှာ ဥရောပစစ်ရိပ်စစ်ငွေ့တွေကိုကြည့်ပြီး စစ်လက်နက်ပစ္စည်းတွေ အလျှံပယ်ထုတ်လုပ်ခဲ့ပါတယ်။

စစ်ပွဲနဲ့ တိုက်ရိုက်မပတ်သက်သေးပေမဲ့ အဲဒီအချိန်က ကာကွယ်ရေးဝန်ကြီးကို တိုက်လေယာဉ်ဘယ်နှစင်း ထုတ်လုပ်ပြီးပြီလဲလို့မေးတော့ ကာကွယ်ရေးဝန်ကြီးက စင်းရေ ၅၀၀၀၀ ထုတ်လုပ်ပြီးကြောင်း သတင်းပို့တဲ့အခါ နည်းသေးတယ် ဆက်ထုတ်လို့ ပြောခဲ့တဲ့သူပါ။

ပါကစ္စတန်လွတ်လပ်ရေးခေါင်းဆောင်ကြီး အလီဂျင်းနားက သတင်းထောက်နဲ့ တွေ့တဲ့အချိန်မှာ "ပါကစ္စတန် တစ်နိုင်ငံလုံး မြက်စားရင်စားရပလေ့စေ၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ အဏုမြူဗုံးရအောင်ထုတ်ရမယ်"လို့ပြောပါတယ်။ သတင်းထောက်က ဘာဖြစ်လို့လဲမေးတော့ "ရှင်းရှင်းလေးပါပဲ၊ အိန္ဒိယမှာအဏုမြူဗုံးရှိနေလို့ပါ"တဲ့။

ဒီလိုပဲ ကက်ရှ်မီးယားဒေသနဲ့ ဆက်စပ်နေတဲ့ ရေခဲတွေဖုံးနေတဲ့ တောင်တန်းတစ်ခုပေါ်မှာ အိန္ဒိယစစ်တပ်က ဗိုလ်ချုပ်ကြီးတစ်ယောက်ကို သတင်းထောက်တစ်ယောက်က အင်တာဗျူးသွားတော့ "ဒီမှာ. . . ကြည့်လိုက်ရင် ဘယ်နေရာကြည့်ကြည့် ရေခဲတွေချည်းပဲ။ စိုက်ပျိုးစားသောက်လို့လဲ ကောင်းတဲ့နေရာ မဟုတ်ဘူး။ တခြားသယံဇာတလဲ ဘာမှမရှိဘူး။ ဒီလို ဘာမှသုံးလို့မရတဲ့နေရာကို ဗိုလ်ချုပ်ကြီးတို့ ဘာကြောင့်အသက်ပေးပြီး ကာကွယ်နေတာလဲ" လို့မေးပါတယ်။

အိန္ဒိယဗိုလ်ချုပ်ကြီးက အဖြေကိုတစ်လုံးထဲ ပြောလိုက်ပါတယ်။ "Sovereignty"တဲ့။ လှလိုက်တဲ့အဖြေဗျာ။ ဒါကတော့ ကျွန်တော်ကြိုက်လွန်းလို့ မှတ်ထားတဲ့စာသားတွေဖြစ်ပါတယ်။

ဘာမှသုံးလို့မရတဲ့နေရာကိုတောင်မှ အသက်ပေးကာကွယ်နေကြတယ်ဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံလို အလွန်အဖိုးတန်လှတဲ့နေရာဆို ပိုလို့တောင် ကာကွယ်ကြရမှာပေါ့။ မြန်မာနိုင်ငံဆိုတာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နေထိုင်တယ်။ အခုမှနေထိုင်ကြတာမဟုတ်ဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ နေလာခဲ့ကြတာဖြစ်ပါတယ်။ ပိုပြီးထူးခြားမှုရှိတာက ပြည်နယ်တွေကိုလူမျိုးကိုယ်စားပြုအမည်တွေ သတ်မှတ်ထားပေမဲ့ အဲဒီလူမျိုးတစ်မျိုးထဲ အဲဒီပြည်နယ်မှာ နေကြတာမဟုတ်ပါဘူး။ တိုင်းရင်းသားလူမျိုးအားလုံး သင့်သင့်မြတ်မြတ်နေထိုင်ကြတာဖြစ်ပါတယ်။ လက်ရှိ အချိန်ကာလမှာလဲ ဒီအတိုင်းပါပဲ။

ကာကွယ်ရေးအင်အားမတောင့်တင်းခဲ့လို့ နိုင်ငံကျွန်ဖြစ်ခဲ့ရတယ်။ တပ်မတော်တစ်ရပ်ပေါ်ပေါက်လာတဲ့အခါကျမှ တပ်မတော်ရဲ့ဦးဆောင်မှုနဲ့အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတွေ ဆင်နွှဲခဲ့ပြီးမှသာ နိုင်ငံလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။

**❖ ကမ္ဘာ့နိုင်ငံတိုင်းဟာ မိမိနိုင်ငံကို သူတစ်ပါးက လာရောက်စော်ကားမှုမရှိစေဖို့ တပ်မတော်ရဲ့အင်အားကိုတည်ဆောက်ကြရပါတယ်။ နိုင်ငံရဲ့မနေအင်အား၊ နိုင်ငံရဲ့လူဦးရေ စတာတွေပေါ်မူတည်ပြီး ဆန္ဒအလျောက် စစ်မှုထမ်းစနစ်နဲ့ စစ်မှုမထမ်းမနေရစနစ်တွေကို ရွေးချယ်ကျင့်သုံးကြပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာဆိုရင်လဲ ဆန္ဒအလျောက် စစ်မှုထမ်းစေတဲ့စနစ်နဲ့ စစ်မှုမထမ်းမနေရစနစ်တွေကို ပူးတွဲကျင့်သုံးနေပါတယ်။ မြန်မာနိုင်ငံမှာလဲ ၁၉၅၉ ခုနှစ်ကတည်းက ပြည်သူ့စစ်မှုထမ်းဥပဒေရှိခဲ့ပေမဲ့ ဆန္ဒအလျောက်စစ်မှုထမ်းစေတဲ့စနစ်ကိုပဲ ဦးစားပေးကျင့်သုံးခဲ့တာဖြစ်ပါတယ်။ အခုအခါမှာတော့ စနစ်နှစ်ခုစလုံးကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။❖**

လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာလဲ ပြည်တွင်းသောင်းကျန်းမှုတွေ၊ ပြည်ပကျူးကျော်မှုတွေကို တပ်မတော်နဲ့ပြည်သူလက်တွဲပြီး တိုက်ထုတ်ခဲ့ရတာဖြစ်ပါတယ်။ တပ်မတော်ဆိုတာ တကယ်တော့ ပြည်သူထဲကနေ ပေါက်ဖွားလာတဲ့ ပြည်သူတွေရဲ့သားသမီးတွေပဲဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံအတွက် ကာကွယ်ရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနဲ့ နိုင်ငံရေးမောင်းနှင်အားဆိုတဲ့ မောင်းနှင်အား သုံးခုရှိပါတယ်။ ဒီမောင်းနှင်အား သုံးခုစလုံးက အားကောင်းမောင်းသန်ဖြစ်နေရပါမယ်။ တစ်ခုနဲ့တစ်ခုကလဲ စက်ဝိုင်းတစ်ခုလိုပါပဲ။ ဒီသုံးခုစလုံးရှင်သန်နေမှ နိုင်ငံဟာခိုင်မာစွာရပ်တည်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘိုးဘေးဘီဘင်တွေ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့ကြလို့ ဒီကနေ့ကျွန်တော်တို့လက်ထက်မှာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်" ရယ်လို့ တည်တံ့နေတာဖြစ်ပါတယ်။ ကျွန်တော်တို့လက်ထက်မှာလဲ နောင်မျိုးဆက်တွေကို "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်" ရယ်လို့ အမည်တွင်နေအောင် စွမ်းဆောင်ပေးကြရမှာဖြစ်ပါတယ်။ ဒါဟာ သမိုင်းပေးတာဝန်ပါပဲ။

ဒီတာဝန်ကိုထမ်းဆောင်ဖို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုလိုက်တာဟာ မှန်ကန်သင့်လျော်တဲ့ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်တာဟာ "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ၎င်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၂၀၁၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းထားတာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ စတင်အသက်ဝင်စေခဲ့တာ ဖြစ်ပါတယ်။

စစ်မှုထမ်းရမဲ့အသက်အရွယ်ကိုလေ့လာကြည့်ရင် အမျိုးသားဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသား၊ အမျိုးသမီးဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၇ နှစ် မပြည့်သေးသော နိုင်ငံသား၊ ကျွမ်းကျင်သူအမျိုးသားဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၄၅ နှစ် မပြည့်သေးသော နိုင်ငံသား၊ ကျွမ်းကျင်သူအမျိုးသမီးဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ်မပြည့်သေးသော နိုင်ငံသားတို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွမ်းကျင်သူဆိုတာက ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုပညာတတ်မြောက်သူ ဒါမှမဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်နဲ့ အသက်မွေးဝမ်းကျောင်းနေသူတွေကို ဆိုလိုတာဖြစ်ပါတယ်။ စစ်မှုထမ်းရမဲ့အသက်အရွယ်ရှိတဲ့ နိုင်ငံသားတိုင်းကို ၂၄ လထက်မပိုတဲ့ ကာလအပိုင်းအခြားထိ စစ်မှုထမ်းရမှာဖြစ်ပါတယ်။ ထို့အတူ စစ်မှုထမ်းရမဲ့ အသက်အရွယ်ရှိတဲ့ ကျွမ်းကျင်သူတွေဆိုရင်လဲ ၃၆ လ ထက်မပိုတဲ့ ကာလအပိုင်းအခြားထိ စစ်မှုထမ်းဖို့သတ်မှတ်ထားပါတယ်။

အမျိုးသားစစ်မှုထမ်းစနစ်၊ ပြည်သူ့စစ်မှုထမ်းစနစ်၊ မထမ်းဆောင်မနေရစစ်မှုထမ်းစနစ်ဆိုပြီး စနစ်အမျိုးမျိုးနဲ့ နိုင်ငံတကာမှာ ကျင့်သုံးနေတာဖြစ်ပါတယ်။ သူများနိုင်ငံတွေမှာကျင့်သုံးနေတာ ကြာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာကျင့်သုံးတဲ့အခါကျမှ အသစ်အဆန်းလို၊ အထူးအဆန်းလို၊ အပြစ်လိုပြောနေကြတာဟာ သဘာဝမကျပါဘူး။ ကမ္ဘာ့နိုင်ငံ ၄၉ နိုင်ငံမှာ စစ်မှုမထမ်းမနေရစနစ် ကျင့်သုံးပါတယ်။ အာဆီယံဒေသတွင်း နိုင်ငံတွေကတော့ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူနဲ့ ဗီယက်နမ်တို့ဖြစ်ပါတယ်။ အာရပ်နိုင်ငံတွေကတော့ အီဂျစ်၊ ဂျော်ဒန်၊ ကူဝိတ်၊ မော်ရိုကို၊ ကာတာ၊ ဆူဒန်၊ ဆီးရီးယား၊ တူနီးရှား၊ ယူအေအီးစတဲ့နိုင်ငံတွေဖြစ်ပါတယ်။ အာရှဒေသတွင်း နိုင်ငံတွေကတော့ အာမေးနီးယား၊ အီရန်၊ အစ္စရေး၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ မွန်ဂိုလီးယား၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ တာဂျီကစ္စတန်၊ တာကမင့်နစ္စတန်၊ ဥဇဘက်ကစ္စတန် စတဲ့နိုင်ငံတွေဖြစ်ပါတယ်။ ဥရောပနိုင်ငံတွေအနေနဲ့ကတော့ ဩစတြီးယား၊ ဘီလာရုစ်၊ ဆိုက်ပရပ်စ်၊ အက်စတိုးနီးယား၊ ဖင်လန်၊ ဂျော်ဂျီယာ၊ ဂရိ၊ လစ်သူရေးနီးယား၊ မော်ဒိုဘာ၊ နော်ဝေ၊ ဆွီဒင်၊ တူကီယဲ၊ ယူကရိန်းစတဲ့နိုင်ငံတွေမှာ ကျင့်သုံးပါတယ်။

ကမ္ဘာ့နိုင်ငံတိုင်းဟာ မိမိနိုင်ငံကို သူတစ်ပါးက လာရောက်စော်ကားမှုမရှိစေဖို့ တပ်မတော်ရဲ့အင်အားကိုတည်ဆောက်ကြရပါတယ်။ နိုင်ငံရဲ့မနေအင်အား၊ နိုင်ငံရဲ့လူဦးရေ စတာတွေပေါ်မူတည်ပြီး ဆန္ဒအလျောက် စစ်မှုထမ်းစနစ်နဲ့ စစ်မှုမထမ်းမနေရစနစ်တွေကို ရွေးချယ်ကျင့်သုံးကြပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံမှာဆိုရင်လဲ ဆန္ဒအလျောက်စစ်မှုထမ်းစေတဲ့စနစ်နဲ့ စစ်မှုမထမ်းမနေရစနစ်တွေကို ပူးတွဲကျင့်သုံးနေပါတယ်။ မြန်မာနိုင်ငံမှာလဲ ၁၉၅၉ ခုနှစ်ကတည်းက ပြည်သူ့စစ်မှုထမ်းဥပဒေရှိခဲ့ပေမဲ့ ဆန္ဒအလျောက်စစ်မှုထမ်းစေတဲ့စနစ်ကိုပဲ ဦးစားပေးကျင့်သုံးခဲ့တာဖြစ်ပါတယ်။ အခုအခါမှာတော့ စနစ်နှစ်ခုစလုံးကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။ ဒါဟာလဲ အနာဂတ် မြန်မာနိုင်ငံတော်အတွက် အလွန်တရာသင့်တော်ကောင်းမွန်တဲ့ ဆောင်ရွက်ချက်ပဲဖြစ်ပါတယ်။

ကမ္ဘာမှာဖြစ်ပျက်နေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို လေ့လာကြည့်မယ်ဆိုရင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ မိမိနိုင်ငံကို မိမိတို့နိုင်ငံသားတွေကပဲ ကာကွယ်ကြရမှာပါ။ သူတစ်ပါးက လာရောက်ကူညီမှုပြုနေတာတွေဟာ အကျိုးလိုလို့ညောင်ရေလောင်းနေကြတာပဲဖြစ်ပါတယ်။ ကူညီတဲ့နိုင်ငံက သူတို့နိုင်ငံရဲ့ စစ်လက်နက်ပစ္စည်းတွေရောင်းချဖို့အတွက်က အဓိကပါပဲ။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာရှိနေတဲ့နိုင်ငံသားတွေအနေနဲ့ သာသနာ့ဝန်ထမ်းတွေ၊ အိမ်ထောင်သည်အမျိုးသမီးတွေ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)၊ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူတွေ၊ တပ်မတော်ဆေးစစ်ဆေးရေးအဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်းသတ်မှတ်ထားသူတွေ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူတွေကလွဲရင် အားလုံးဟာ စစ်မှုထမ်းကြရမှာဖြစ်ပါတယ်။ ဒါမှလဲ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ပညာတတ်မြောက်ထားသူတွေရှိနေပြီဆိုရင် မိမိနိုင်ငံရဲ့အနာဂတ်အတွက် ပြည်ပရန်ပေါ်လာရင် အချိန်နဲ့တစ်ပြေးညီ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဘာကြောင့် ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရတာလဲဆိုရင် ကမ္ဘာတည်သရွေ့ မြန်မာရှိနေဖို့ပါပဲ။ နိုင်ငံတော်မှာရှိတဲ့ နိုင်ငံ့စွမ်းအားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် တစ်ခုထဲသောနည်းလမ်းမှာ အမျိုးသားစစ်မှုထမ်းစနစ် (National Service) ပဲဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်စီးပွားရေးနဲ့နိုင်ငံတော်လုံခြုံရေးတို့ကို ဘက်ညီမျှတစွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရတဲ့လုပ်ငန်းလဲ ဖြစ်ပါတယ်။ နိုင်ငံတော်စစ်မှုထမ်းစနစ်ဆိုတာ ရေတိုဆောင်ရွက်ရတဲ့လုပ်ငန်းမဟုတ်ပါဘူး။ ရေရှည်တစိုက်မတ်မတ်ဆောင်ရွက်ရမဲ့စီမံချက်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဥပဒေပြဋ္ဌာန်းချက်တွေ၊ တပ်မတော်ရဲ့မြင့်မားတဲ့စွမ်းဆောင်နိုင်မှု၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ အသိဉာဏ်ပညာမြင့်မားမှုတွေနဲ့ ကာကွယ်ရေးပညာဗဟုသုတကြွယ်ဝမှု၊ ကာကွယ်ရေးပညာတတ်ကျွမ်းမှုတို့ ပေါင်းစပ်ဆောင်ရွက်ရမဲ့ လုပ်ငန်းစဉ်လဲဖြစ်ပါတယ်။

အနှစ်ချုပ်ဆိုရရင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူတွေက ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်လိုက်တာကြောင့် ငါတို့စစ်မှုထမ်းခွင့် ရကြတော့မှာပါလားလို့တွေးပြီး ပျော်နေကြမှာအမှန်ဖြစ်ပါတယ်။ မြန်မာပီပီ မြန်မာ့သတ္တိသွေးကို ပြခွင့်ရတော့မှာဖြစ်လို့ မိမိတို့အပေါ် ကျရောက်လာမဲ့ ကာကွယ်ရေးတာဝန်ကို ပျော်ပျော်ရွှင်ရွှင် ထမ်းဆောင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။

**ကိုးကား**


- **ရဲကျော်သူရ၏ "ရွှံ့တောထဲက စိတ်ခေတ်နဲ့ ထူးစတ်၍ဖြေရာရှာခြင်း"**
- **နေ့စဉ်ထုတ်သတင်းစာများ**

# မှော်ဝင်ဖိတ်စာ ဇာတ်လမ်းတွဲကို HEY Play Application၊ HEY Play YouTube Channel နှင့် Channel 7 မှ ထုတ်လွှင့်မည်




**ရန်ကုန် မတ် ၂၈**

မှော်ဝင်ဖိတ်စာ ဇာတ်လမ်းတွဲကို မတ် ၃၁ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း HEY Play Application၊ HEY Play YouTube Channel နှင့် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ ကောင်းဇံက ပြောပြ၍ သိရသည်။

မှော်ဝင်ဖိတ်စာ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ ကောင်းဇံက တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် HEY Play Application ၏ မူပိုင်ဇာတ်လမ်းတွဲလည်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ HEY Play Application ရဲ့ မူပိုင်ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ စိုင်းစိုင်းခမ်းလှိုင်ရဲ့ ပထမဆုံးသရုပ်ဆောင်ထားတဲ့ ရုပ်သံဇာတ်လမ်းတွဲလဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲလေးက ထူးဆန်းမှုတွေပြည့်နှက်နေတဲ့ ဖိတ်စာတစ်စောင်ကနေ ဇာတ်လမ်းစပါတယ်။ ဒီဖိတ်စာကို ဖိတ်ကြားခံရသူတွေက လိုချင်ချင်၊ မလိုချင်ချင် နောက်ဆုတ်လို့မရတော့ဘူး။ ထူးဆန်းမှုတွေပြည့်နှက်နေတဲ့ ဒီဖိတ်စာလေးက သူတို့အားလုံးရဲ့ ကံကြမ္မာကို ဘယ်လိုပြောင်းလဲစေမှာလဲဆိုတာ ဒီဇာတ်လမ်းတွဲမှာမြင်ရမှာပါ။ နောက်ဆုံးမှာပေးချင်တဲ့ မက်ဆေ့ကတော့ လူတစ်ယောက်ကြုံတွေ့ရမဲ့ကံကြမ္မာဆိုတာ ရှောင်လွှဲလို့မရသလို ဖန်တီးလုပ်ယူလို့လဲ မရဘူးဆိုတာပါပဲ"ဟု ဒါရိုက်တာ ကောင်းဇံက ပြောပြသည်။

မှော်ဝင်ဖိတ်စာ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ အေးမြတ်သူ၊ ခင်ဝင့်ဝါ၊ ချိုပြုံး၊ ခိုင်နှင်းဝေ၊ Lဘောက်နူး၊ ဝင်းခန့်မိုး၊ ကျော်ထူး၊ ဖေဒါနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Happy Gilmore-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း စတင်နေပြီဖြစ်

**နယူးယောက် မတ် ၂၈**

Happy Gilmore -2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း မတ် ၂၇ ရက် သတင်းများအရ သိရသည်။

Happy Gilmore -2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း စတင်နေမှုကို ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် မင်းသား ခရစ္စတိုဖာမက်ဒေါ်နယ်က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ခရစ္စတိုဖာမက်ဒေါ်နယ်သည် မင်းသား အဒမ်ဆန်းဒလားနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။


လက်ရှိအချိန်တွင် Happy Gilmore -2 အတွက် ဝတ္ထုဇာတ်ညွှန်းအကြမ်းကို မင်းသား ဆန်းဒလားက ရေးသားထားပြီးဖြစ်ကြောင်း ခရစ္စတိုဖာမက်ဒေါ်နယ်က ပြောကြားထားသည်။

အဆိုပါဇာတ်ကားသည် Happy Gilmore (1996) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

Happy Gilmore -2 ဇာတ်ကားသည် ဘွားအေ၏နေအိမ်ကို ရွေးယူရန် ဂေါက်သီးရိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဟော်ကီကစားသမားတစ်ဦး၏အဖြစ်ကို ရိုက်ကူးထားသည့် ဟာသဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# မဟာသင်္ကြန်ကာလအတွင်း တောင်သမန်အင်း၌ တောင်သမန်သင်္ကြန်ပွဲတော် ကျင်းပမည်

**မန္တလေး မတ် ၂၈**

မဟာသင်္ကြန်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးရှိ ခရီးသွားအများဆုံး လည်ပတ်လေ့ရှိသည့် တောင်သမန်အင်း၌ တောင်သမန်သင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်း၏ ပြောကြားချက်အရ သိရသည်။

မဟာသင်္ကြန်ကာလအတွင်း ကျင်းပမည့် တောင်သမန်သင်္ကြန်ပွဲတော်တွင် တောင်သမန်အင်းရှိ တောင်သမန်တံတား ကြံ့ခိုင်မှုရှိစေရန်၊ တံတားလျှောက်လှမ်းတစ်လျှောက် စစ်ဆေးမည့်လုပ်ငန်းများကို မတ်လနောက်ဆုံးပတ်မှစ၍ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"မဟာသင်္ကြန်ကာလကတော့ အားလုံးသိတဲ့အတိုင်း တောင်သမန်အင်းနဲ့ တောင်သမန်တံတားက အစည်ကားဆုံးနေရာဖြစ်တဲ့အတွက် ပြုပြင်ထိန်းသိမ်းမှုတွေကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနဲ့တွဲဖက်ပြီး ဆောင်ရွက်နေပါပြီ။ တံတားကြံ့ခိုင်ရေးပိုင်းကတော့ အမြဲမပြတ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ နေ့စဉ်လဲ စစ်ဆေးပြီးတော့ လိုအပ်တဲ့နေရာ လိုအပ်သလို ပြင်ဆင်ပါတယ်။ တောင်သမန်သင်္ကြန်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်သွားမှာပါ"ဟု ဦးစိုးဝင်းက ပြောပြသည်။



ယခုနှစ် မန္တလေးတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်တွင် တောင်သမန်သင်္ကြန်ပွဲတော်ကို တောင်သမန်အင်းဝန်းကျင်တွင် ရေကစားမဏ္ဍပ်များ၊ အကအလှဖျော်ဖြေရေးမဏ္ဍပ်များဖြင့် စည်ကားစွာကျင်းပသွားမည်ဖြစ်ပြီး စတုဒိသာကျွေးမွေးညှော်ခံသည့် အစီအစဉ်ကိုလည်း ထည့်သွင်းသွားမည့်အပြင် တောင်သမန်အင်းရေပြင်တွင် ညနေဆည်းဆာအလှကို ခံစားနိုင်ရန် ၄က်လှေ အစီးရေ ၄၀ ကိုလည်း ပြင်ဆင်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ASH

# Heat-2 လျှို့ဝှက်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်မင်း ရိုက်ကူးမည်

**နယူးယောက် မတ် ၂၈**

Heat-2 အမည်ရှိ မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကားသစ်ကို ကမ္ဘာကျော်ဒါရိုက်တာ မိုက်ကယ်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မတ် ၂၇ ရက် သတင်းများအရ သိရသည်။

Heat-2 ဇာတ်ကားသည် Heat (1995) ဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး မင်းသား အယ်ပါချီနိုနှင့် ရောဘတ်ဒီနီရိုးတို့ ပါဝင်သရုပ်ဆောင်ခဲ့သည့် Heat (1995) ကိုဒါရိုက်တာ မိုက်ကယ်မင်းကပင် ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

Heat-2 ဇာတ်ကားသည် မိမိတာဝန်ယူရိုက်ကူးမည့် ဇာတ်ကားသစ်ဖြစ်ကြောင်း ဒါရိုက်တာ မိုက်ကယ်မင်းက ဟောလိဝုဒ်သတင်းဝက်ဘ်ဆိုက်များသို့ အတည်ပြုပြောကြားထားသည်။

လက်ရှိတွင် Heat-2 ဇာတ်ကား၌ မည်သည့်သရုပ်ဆောင်များ ပါဝင်မည်ကို မသိရသေးကြောင်း သိရသည်။

ဒါရိုက်တာ မိုက်ကယ်မင်း၏ အဆိုအရ Heat-2 တွင် Ferrari မင်းသား အဒမ်ဒရိုက်ဗာပါဝင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ယွန်းပညာရေးကောလိပ်(ပုဂံ)တွင် ယွန်းပညာရပ်များ လက်တွေ့သင်ကြားနေမှုနှင့် ယွန်းပြတိုက်၊ နည်းစဉ်ခန်းမ၊ ယွန်းပစ္စည်းအရောင်းပြခန်းများကို လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ထား

**ညောင်ဦး မတ် ၂၈**

ယွန်းပညာရေးကောလိပ် (ပုဂံ) တွင် မြန်မာ့ရိုးရာအနုပညာ ယွန်းပညာရပ်များကို လက်တွေ့သင်ကြားနေမှုများနှင့် ယွန်းပြတိုက်၊ နည်းစဉ်ခန်းမ၊ ယွန်းပစ္စည်းအရောင်းပြခန်းများကိုလေ့လာကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း ယွန်းပညာရေးကောလိပ်(ပုဂံ)ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ ယွန်းပညာရေးကောလိပ်(ပုဂံ)ရှိ ယွန်းပြတိုက်၊ နည်းစဉ်ခန်းမနှင့် ယွန်းပညာရပ်များ လက်တွေ့ သင်ကြားနေခြင်းနှင့် ယွန်းထည်ရက်လုပ်နေမှုများကို နိုင်ငံတကာ ခရီးသွားများအနေဖြင့် လာရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

"နိုင်ငံခြားခရီးသွားတွေအနေနဲ့ မြန်မာ့ရိုးရာပန်းဆယ်မျိုးဖြစ်တဲ့ မြန်မာလက်မှု အနုပညာဖြစ်တဲ့ မြန်မာ့ပန်းယွန်းပညာရပ်ကို လေ့လာနိုင်အောင် ပြင်ဆင်ထားပါတယ်။ ကျွန်မတို့ကျောင်းအတွင်းမှာ ရှေးဟောင်း ယွန်းပြတိုက်ရှိပါတယ်။ နောက် ယွန်းထည်ပစ္စည်းတွေကို အဆင့်အဆင့်ပြုလုပ်ပုံတွေကို ပြသထားတဲ့ ယွန်းနည်းစဉ်ခန်းမဆိုတာ ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ လက်တွေ့ယွန်းထည်တွေ အဆင့်ဆင့် လုပ်ကိုင်နေတာကိုလဲ လေ့လာကြည့်ရှုနိုင်ပါတယ်။ ကျွန်မတို့ကျောင်းမှာရှိတဲ့ ယွန်းထည်အရောင်းပြခန်းမှာလဲ ယွန်းထည်တွေဝယ်ယူနိုင်အောင်လဲ စီစဉ်ပေးထားပါတယ်"ဟု ဒေါ်နီလာမြင့်က ပြောပြသည်။


ယွန်းပညာရေးကောလိပ် (ပုဂံ) တွင် မြန်မာ့ရိုးရာလက်မှုအနုပညာ ယွန်းပညာရပ်သာမက နိုင်ငံတကာ ယွန်းပညာရပ်များကိုလည်း သင်ကြားပေးလျက်ရှိကြောင်း၊ ယွန်းပညာရေးကောလိပ်(ပုဂံ)ရှိ ယွန်းပစ္စည်းအရောင်းပြခန်းတွင် နိုင်ငံခြားသားများ ကြိုက်နှစ်သက်ကာ ဝယ်ယူမှုများပြားသည့် ယွန်းလက်ကောက်၊ ယွန်းဆွဲကြိုးစသည့် ယွန်းလက်ဝတ်အထည်များ၊ ဆွမ်းအုပ်မှ လိုက်ကာထိ ယွန်းထည်ကြီးများ အပါအဝင် ယွန်းထည်အမျိုးမျိုး ဒီဇိုင်းအစုံစုံကို ပြသထားကြောင်း သိရသည်။

ASH

# Armed forces of Myanmar and Russian Federation exchange medals to promote military and military technology cooperation including strategic partnership between the two countries



Deputy Minister of Defence of Russian Federation Colonel General Alexander Vasilyevich Fomin confers Performance in International Military Cooperation Development medal on Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.



Senior General Min Aung Hlaing shakes hands with Colonel General Alexander Vasilyevich Fomin.

**Nay Pyi Taw March 28**

A ceremony to exchange medals between the armed forces of Myanmar and Russian Federation to promote military and military technology cooperation including strategic partnership between the two countries was held at the parlour of Zeyathirri Villa here this morning.


Present were Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, and senior military officers from Office of Commander-in-Chief. Also present were Deputy Minister of Defence of Russian Federation Colonel General Alexander Vasilyevich Fomin, Chairman of Public Relations Council, Ministry of Defence, Russia, Mr. Pavel GUSEV, Military Attaché Colonel KURCHENKO Sergei Semyonovich and senior Russian military officers and officials.

Deputy Minister for Home Affairs Maj-Gen Toe Yi read out the Order No. 64/2024, dated 27 March of SAC, the Republic of Union of Myanmar, to present honorary medals for performance to Russians who took part in international military cooperation to build a modern Tatmadaw with brilliant efforts.

The Senior General conferred **Thiri Thiha Kyaw** medals and insignia to Colonel KURCHENKO Sergei Semyonovich, Captain 2nd rank YASHIN Dmitry Valerievich, and Captain 2nd rank SHILKOV Vitaly Vasilyevich, and **Thiri Thura Kyaw** medal and insignia to Colonel (Rtd) SARATOV Sergei Nikolaevich.

Captain 2nd rank YASHIN Dmitry Valerievich of the Defence Ministry of Russia read out the Order NO. 77 dated 17 January 2024, to confer **Performance in International Military Cooperation Development** medal and **Battlefield Comrade Spirit Promotion** medal to senior military officers of Myanmar for the excellent performance in international military cooperation.

Deputy Minister of Defence of Russian Federation Colonel General Alexander Vasilyevich Fomin conferred **Performance in International Military Cooperation Development** medal on Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.



Senior General Min Aung Hlaing presents medal to a Russian military officer.



Colonel General Alexander Vasilyevich Fomin shakes hands with General Mya Tun Oo.



Colonel General Alexander Vasilyevich Fomin shakes hands with Admiral Moe Aung.

The Russian Deputy Minister individually conferred Performance in International Military Cooperation Development medals on Vice-Senior General Soe Win, General Mya Tun Oo, General Maung Maung Aye, Lt-Gen Ye Win Oo, Admiral Moe Aung and senior military officers.

He then conferred **Battlefield Comrade Spirit Promotion** medals on General Tun Aung and senior military officers individually.

The Senior General and the Russian Deputy Minister, senior military officers from the Russian Defence Ministry and attendees exchanged commemorative gifts.

After the ceremony, the Senior General, the Russian deputy minister and attendees posed for documentary photos and cordially greeted one another. 100

# Some 5,000 visitors bound for Kyaiktiyo Pagoda daily


The Kyaikhtiyo Pagoda in Mon State.

**Kyaikto March 28**

U Soe Hla, Chairman of the Pagoda Board of Trustees, said that some 5,000 pilgrims from various corners of the nation daily visited Kyaiktiyo Pagoda located in Kyaikto Township of Mon State.

Starting from November 2023, pilgrims from various parts of the nation pay visit to Kyaiktiyo Pagoda. At present, some 250 hilly-used trucks transport pilgrims onto the hill of Kyaiktiyo Pagoda on a daily basis. The pagoda board of trustees arranges hotels, lodges, free rest-houses and restaurants.

"The route to the pagoda is peaceful. Some 5,000 people visited the pagoda on a daily basis in March. Regularly, about 3,000 pilgrims visit the pagoda. About 7,000 visitors lead to the pagoda on holiday. Foreign pilgrims come from China, Russia, US and UK. Now, about 160 hilly-used trucks are used in transport of pilgrims. Cable car is operated on holidays," he explained.

The Buddha Pujaniya festival of the pagoda lasts from Thadingyut full moon day to Kason full moon day. The pagoda is open for public obeisance daily.

ASH

# Pantanaw Township sends 77,000 viss of large carp to Yangon market in Feb

**Pantanaw March 28**

Local fishermen and businesspersons in Pantanaw Township of Ayeyawady Region shipped 77,000 viss of large carp to Yangon market in February, said Daw Yi Yi, owner of fishery product trading in Pantanaw.

They could send 45,000 viss of large carp to Yangon market in January, compared with 77,000 viss in February.

"A large volume of large carp is being sent to Yangon market from Pantanaw Township. Starting from the first week of February, sending the volume of large carp has been growing. So, local businesspersons could dispatch a 32,000 viss of large carp more than that of January. At present, large carp is marketable at high prices," said Daw Yi Yi.

Large carp is being shipped by Pantanaw to Yangon which distributes the fish to Nay Pyi Taw and other regions. Due to high demand and raising prices of large carp, local fishermen and businesspersons as well as those in production chain can earn increased incomes.


Carp fish seen in a market.

Kyaw Kyaw Lin

# Sagaing Township completes green bean harvest

**Sagaing March 28**

Sagaing Township, Sagaing Region, has successfully harvested all 2,209 acres of green beans planted during the 2023-2024 winter crop season, according to the Sagaing Township Agriculture Department.

The harvest, which began in February, yielded an average of 15.14 baskets of green beans per acre.

"We're thrilled to report a 100% completion rate for the green bean harvest," said U Zaw Oo, head of the Sagaing Township Agriculture Department. "Our department actively supported farmers through educational initiatives focused on using high-yielding green bean varieties and proper cultivation techniques."

While the initial target for planting was 2,528 acres, the final planted area reached 2,209 acres. This accomplishment comes after planting 2,528 acres of green beans during the 2022-2023 winter season.

The Sagaing Township Agriculture Department implemented several programs to ensure a successful harvest. These included: encouraging farmers to plant green bean varieties best suited for the region's climate, providing educational programs on proper cultivation methods, offering guidance on effective pest prevention strategies and instructing farmers on the systematic use of fertilizers to maximize yields.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# YeU Township sees successful chickpea harvest

**YeU March 28**

YeU Township in YeU District, Sagaing Region, has completed the harvest of 3,528 acres of chickpeas planted during the 2023-2024 winter crop season, according to the Department of Agriculture.

The harvest, which commenced in February, yielded an average of 24.38 baskets of chickpeas per acre.

"We're happy to report that over a third of the chickpeas planted in YeU Township have been successfully harvested," said Zaw Myint Tun, head of the YeU District Agriculture Department. "Chickpeas are a popular choice among winter pulse crops, and we're committed to supporting farmers in achieving high yields and quality."

The department actively collaborated with farmers by providing high-quality chickpea seeds, essential agricultural inputs, and post-harvest technology guidance to optimize yield and quality.

While the initial planting target for the season was 9,765 acres, the final planted area reached 9,353 acres between October and December 2023. This represents a slight decrease from the previous winter season, where 9,765 acres of chickpeas were planted.

Chickpea cultivation in YeU Township prioritizes varieties No. 8 and 11, recognized for their regional suitability and high yields. It's important to note that cultivating chickpeas can be cost-intensive, with per-acre costs exceeding 300,000 kyats.

The department's collaborative efforts with farmers and focus on high-yielding varieties are likely contributing factors to the successful chickpea harvest in YeU Township.

206


Workers harvesting chickpeas.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်စစ်ဘက်က ပထမဆုံးအကြိမ် 3D နည်းပညာသုံးတည်ဆောက်ထားသည့် စစ်တန်းလျားများကို ထုတ်ဖော်ပြသ



အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ Fort Bliss တပ်မြို့တွင် အမေရိကန်စစ်ဘက်၏ ပထမဆုံးနှင့်အကြီးဆုံး 3D-နည်းပညာဖြင့် ထုတ်လုပ်၊ တည်ဆောက်ထားသော စစ်တန်းလျားများကို ထုတ်ဖော်ပြသခဲ့ပြီး အဆိုပါစစ်တန်းလျားများတွင် စစ်သည်များနေထိုင်ကာ လေ့ကျင့်မှုများ ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း Defense Post သတင်းဌာနက မတ် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နောက်ဆုံးပေါ် 3D နည်းပညာဖြင့် ပြုလုပ်ထားသည့် စတုရန်းပေ ၅၇၀၀ ကျယ်ဝန်းသော အဆိုပါ စစ်တန်းလျား အဆောက်အအုံတွင် တပ်ဖွဲ့ဝင် ၇၂ ဦး ထားမည်ဖြစ်ပြီး ယခုနွေရာသီတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း အမေရိကန်တပ်မတော်မှ ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းစစ်တန်းလျား အသစ်များတွင် နှစ်ထပ် ခုတင် ၃၆ လုံးနှင့် ရေချိုးခန်းများပါရှိမည်ဖြစ်ပြီး ပြင်းထန်သောရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိကာ သဘာဝဘေးအန္တရာယ်များ၏သက်ရောက်မှုကို အတိုင်းအတာတစ်ခုထိ ကြံ့ကြံ့ခံနိုင်မည်ဖြစ်သည်။ မှိုတက်ခြင်း၊ ရေစိမ့်ဝင်ခြင်း၊ ရေခိုးရေငွေ့ ရိုက်ခြင်း စသောရာသီဥတုနှင့် ပတ်ဝန်းကျင် အခြေအနေမျိုးစုံဒဏ်ခံနိုင်သော ပစ္စည်းများ (Mold-Resistant Materi-als) နှင့် စွမ်းအင်ချွေတာနိုင်မည့် ဒီဇိုင်းပုံစံများကို ဦးစားပေး စဉ်းစားထားကြောင်း Fort Bliss တပ်မြို့မှ ရုံးအုပ်ချုပ်ကြီးဖြစ်သူ Dave Sweeney က ပြောကြားခဲ့သည်။

အမေရိကန် ဆောက်လုပ်ရေးနည်းပညာကုမ္ပဏီ ICON က အဆိုပါတပ်မြို့တွင် 3D နည်းပညာသုံး စစ်တန်းလျား အဆောက်အအုံစုစုပေါင်း သုံးလုံးထိ တည်ဆောက်သွားမည်ဖြစ်သည်။

အမေရိကန်တပ်မတော်၏ အဆိုအရ 3D နည်းပညာသုံး စစ်တန်းလျားများသည် စစ်သည်များ၏ ဘဝအရည်အသွေးကိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ၏သက်တမ်း၊ ခံနိုင်ရည်၊ ပြောင်းလွယ်ပြင်လွယ်ရှိမှုစသည့် အပိုင်းများတွင် အဆင့်မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ထူးခြားဆန်းသစ်သော စစ်တန်းလျားများသည် မိုးဒဏ်၊ လေဒဏ် ခံနိုင်ရည်ရှိသောပစ္စည်းများကို အသုံးပြုခြင်းဖြင့် စွမ်းအင်ထိရောက်မှုနှင့် ကုန်ကျစရိတ် သက်သာစေမည်ဟုလည်း အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်။ 3D နည်းပညာသုံး ထုတ်လုပ်၊ တည်ဆောက်ထားသော စစ်တန်းလျားများကို မိတ်ဆက်ခြင်းသည် ၎င်းနေရာတွင်နေထိုင်ပြီး အလုပ်လုပ်သော စစ်သည်များအတွက် အမှန်တကယ် ထူးခြားသောအတွေ့အကြုံကို ဖန်တီးရန် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ဖော်ဆောင်ပေးခြင်းလည်းဖြစ်သည်ဟု Sweeney က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အကောင်အထည်ဖော်ဆောင်ရွက်မှုများပြီးစီးသွားပါက 3D နည်းပညာသုံး အဆောက်အအုံများသည် အနောက်ကမ္ဘာခြမ်းတွင် အကြီးမားဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်း အမေရိကန် စစ်ဘက်အဆိုအရ သိရသည်။

**US Army to Unveil First, Largest 3D-Printed Barracks ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်က ဒရုန်းတစ်စင်းတည်းမှ နောက်ထပ်အသေးစားဒရုန်းခြောက်စင်းထပ်မံခွဲထုတ်နိုင်သည့်ဒရုန်းကို တီထွင်

တရုတ်နိုင်ငံသည် ရန်သူ့တန်ပြန်ကာကွယ်ရေးစနစ်များအပေါ် လွှမ်းမိုးထားနိုင်စေရန် ဒရုန်းအမျိုးအစားသစ်တစ်ခုကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး အဆိုပါဒရုန်းသည် အချိန်တိုအတွင်း နောက်ထပ်အသေးစားဒရုန်း ခြောက်စင်းကို ထပ်မံခွဲထုတ်၍ လွှတ်တင်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက အခိုင်အမာပြောကြားခဲ့သည်ဟု Defense Post သတင်းဌာနက မတ် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ Nanjing University of Aeronautics and Astronauttics မှ သိပ္ပံပညာရှင်များက တရုတ်နိုင်ငံထုတ် DJI multirotor နှင့်ဆင်တူသည့် ဒရုန်းသစ်သည် သမားရိုးကျဒရုန်းများထက် ပိုမိုမြန်ဆန်ပြီး ထိရောက်မှုရှိကြောင်း ပြောကြားခဲ့သည်။ ထူးခြားချက်မှာ တိုက်ပွဲတွင်လိုအပ်သည့်အခြေအနေများအပေါ် မူတည်၍ အငယ်စားဒရုန်း ခြောက်စင်းထိ ရန်သူ့ပစ်မှတ်များအပေါ် ခွဲထုတ်ပျံသန်းစေနိုင်စွမ်းရှိကြောင်း သိရသည်။

ခွဲထုတ်လိုက်သော ဒရုန်းတစ်စင်းလျှင် ဒလက်တစ်ခုသာပါဝင်ပြီး သီးခြားတာဝန်တစ်ခုစီကို အထူးပြုလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဥပမာ- ကြီးကြပ်ကွပ်ကဲခြင်း၊ ပစ်မှတ်ခြေရာခံထိန်းကျောင်းခြင်း၊ ပစ်ကူပေးခြင်းနှင့် ထောက်လှမ်းခြင်းတို့ကဲ့သို့သော တာဝန်များဖြစ်သည်။ ခွဲထွက်လာသော ဒရုန်းများသည် ပုံမှန်မဟုတ်သောပုံသဏ္ဌာန်ရှိသော်လည်း ပုံမှန်ဒရုန်းများကဲ့သို့ လွတ်လပ်စွာပျံဝဲနိုင်ပြီး အခြားဒရုန်းများနှင့်လည်း ချိတ်ဆက် လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ၎င်းဒရုန်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ကို ပဋိပက္ခအခြေအနေတစ်ရပ်တွင် နည်းဗျူဟာပိုင်းအရ အားသာချက်တစ်ရပ် ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်အများစုသည် ရေဒါတွင်တွေ့ရှိရသော ခြိမ်းခြောက်မှု ပစ်မှတ်အရေအတွက်နှင့် အချိုးကျသော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလက်နက်စနစ်များကိုသာ ဖြန့်ကြက်ချထားနိုင်စွမ်းရှိကြသည်။ သို့သော် ဒရုန်းတစ်စင်းတည်းမှ ဝေဟင်ပိုက်နက်တွင် ပျံသန်းနေစဉ် ရုတ်တရက် နောက်ထပ်ဒရုန်းအများအပြား ထပ်ပွားလာပါက ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အသာစီးရနိုင်လိမ့်မည်ဟု တရုတ်သိပ္ပံပညာရှင်များက အခိုင်အမာပြောဆိုထားသည်။ ၎င်းအချက်သည် ရန်သူတို့၏လေကြောင်းရန်ကာကွယ်ရေး၊ တန်ပြန် ဒရုန်းတိုက်ဖျက်ရေးစနစ်များအပေါ် ဖိအားများနှင့်အတူ ရန်သူကို စိတ်ပိုင်းဆိုင်ရာ ထိတ်လန့်မှုဖြစ်စေနိုင်ကြောင်း သိရသည်။



**China Says Developed Drone That Can Split Six Ways ကို ဘာသာပြန်ဆိုထားပါသည်။**

## အယ်လ်ဂျီးရီးယားနိုင်ငံက တရုတ်နိုင်ငံထံမှ အဆင့်မြင့် WJ-700 Falcon ဒရုန်းလေးစင်း ဝယ်ယူခဲ့

အယ်လ်ဂျီးရီးယားနိုင်ငံသည် China Aerospace Science and Industry Corp (CASIC) ထံမှ အဆင့်မြင့် WJ-700 Falcon ဒရုန်းလေးစင်းကို ဝယ်ယူခဲ့ကြောင်း မတ် ၁၃ ရက်က ORCA Military ၏ Twitter အကောင့်ထုတ်ပြန်ချက်များကို ကိုးကား၍ Air Recogni-tion သတင်းဌာနက မတ် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



နောက်ဆုံးစမ်းသပ်မှုများပြုလုပ်နေဆဲဖြစ်သော၊ ၎င်းအမြင့်ပျံလေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနိုင်သော High-Alti-tude Long Endurance (HALE)အမျိုးအစားဒရုန်းများသည် အကွာအဝေးကီလိုမီတာ ၁၀၀ ထိ ပစ်မှတ်များကို ထောက်လှမ်းခြင်းနှင့် တိကျစွာတိုက်ခိုက်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ အထူးသဖြင့် အိမ်နီးချင်းမော်ရိုကိုနှင့်ဒေသတွင်းတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေချိန်တွင် ၎င်းသို့ မဟာဗျူဟာမြောက်ဝယ်ယူ ဖြည့်တင်းမှုများ လုပ်ဆောင်လာခြင်းလည်းဖြစ်သည်။

CASIC ၏ ဌာနခွဲတစ်ခုဖြစ်သည့် Beijing Haiying General Aviation Equipment ဌာနက တီထွင်ထုတ်လုပ်ထားသည့် WJ-700 Falcon ဒရုန်းသည် ၂၀၁၈ ခုနှစ်တွင် ထုတ်ဖော်ပြသခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးပျံသန်းမှုကို ပြုလုပ်နိုင်ခဲ့သည်။ လေးလံသော Payload များကိုသယ်ဆောင်နိုင်ပြီး မြင့်မြင့်နှင့်မြန်မြန်ပျံသန်း၍ အကြီးစားခဲယမ်းများ တပ်ဆင်ပစ်လွှတ်နိုင်မည်ဖြစ်သည်။ WJ-700 ဒရုန်းကို လာမည့် ၁၀ စုနှစ်များအတွင်း ပြည်တွင်းနှင့်နိုင်ငံတကာဈေးကွက်များထိ ထိုးဖောက်တင်ပို့ရောင်းချနိုင်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားသည်။

WJ-700 ၏အင်္ဂါရပ်များတွင် အများဆုံး ပျံတက်နိုင်သည့်အလေးချိန် ကီလိုဂရမ် ၃၅၀၀၊ Payload အလေးချိန် ကီလိုဂရမ် ၈၀၀ ကျော်၊ လေထဲတွင် နာရီ ၂၀ ကြာ ပျံသန်းနိုင်စွမ်းနှင့်အမြင့် ၁၅ ကီလိုမီတာ၊ အလျင်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၇၀၀ တို့ဖြင့် ပျံသန်းစစ်ဆင်နိုင်စွမ်းရှိပြီး အီလက်ထရွန်နစ် စစ်ဆင်ရေးတန်ပြန်လုပ်ဆောင်နိုင်မှုများလည်း ပါဝင်မည်ဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံ၏လက်ရှိဒရုန်းလက်နက်စွမ်းအားစုတွင် တရုတ်ထုတ် CH-4 နှင့် CH-3 ဒရုန်းများပါဝင်ပြီး အယ်လ်ဂျီးရီးယားသည် တူရကီယဲနိုင်ငံထုတ် Aksungur ဒရုန်းများကို ပေါင်းစည်းအသုံးပြုရန် အစီအစဉ်ဖြင့် ခြောက်စင်းမှာယူထားသေးကြောင်း သိရသည်။

တူရကီယဲနိုင်ငံ Turkish Aerospace International (TAI) က ဒီဇိုင်းထုတ်ထားသည့် Aksungur ဒရုန်းကို ISR (ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းမှု၊ ကင်းထောက်ရေး) နှင့်တိုက်ခိုက်ရေးတာဝန်များအတွက် အသုံးပြုရန် ရည်ရွယ်ဝယ်ယူခဲ့ခြင်းဖြစ်သည်။

**Algeria acquires advanced WJ-700 Falcon drones from China ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ်ကောင်းလျက်ရှိ



**ဟသ်ာတ မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ဟသ်ာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် လက်ရှိ မတ်လ ဒုတိယပတ်မှစပြီး ယနေ့ထိ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်ယူမှုကောင်းနေပြီး အရောင်းသွက်နေခြင်းဖြစ်ကြောင်း၊ တစ်ပတ်လျှင် ထောပတ်ပဲနီ(အပြားကြီး)၂၄ ပြည်ဝင်အိတ်ရေ ၂၀ ထိ အရောင်းသွက်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီ(အပြားကြီး)ဝယ်ယူမှုကောင်းပြီး အရောင်းသွက်နေခြင်းသည် ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ ဝယ်လိုအား ကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီတွေအဝယ်လိုက်နေပြီး အရောင်းသွက်လာတာဖြစ်ပါတယ်။ ပြည်ပပဲဈေးကွက်ကိုပြန်တင်ပို့နေလို့ အခုလို ဝယ်လိုအားကောင်းလာတာပါ။ အခု မတ်လဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာပါ။ လက်ရှိထောပတ်ပဲကို စိုက်ပျိုးသူတွေနဲ့ ပဲသိုလှောင်ထားတဲ့ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့ အခြေအနေမှာရှိနေပါတယ်။ထောပတ်ပဲနီက လာမဲ့ပဲပေါ်ရာသီထိ အရောင်းအဝယ် ကောင်းနေဖို့ပဲ ရှိပါတယ်"ဟု ဒေါ်နှင်းနှင်းက ပြောပြသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၈၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါထောပတ်ပဲနီများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းပန်မြို့နယ် ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းပန် မတ် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက မိုင်းပန်မြို့နယ် ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရန်၊ ရန်ပုံငွေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ကြွေးကျန်များမပေါ်ပေါက်စေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



မိုင်းပန်မြို့နယ် ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပုဗ္ဗသီရိမြို့နယ် တံတားဦးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံတားဦးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက တံတားဦးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တံတားဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၃ ဦးကို ငွေကျပ် ၃၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဝ်လူး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၃-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် တွေ့ဆုံပွဲ၌ အမှာစကားပြောကြားစဉ်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ၌ အမှာစကား ပြောကြားစဉ်။

**နေပြည်တော် မတ် ၂၈**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ဦးခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စောကျော်သန်းဌေး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောမောင်မောင်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကား ပြောကြားရာတွင် (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိန့်ကြားခဲ့သည့် NCA နှင့်စပ်လျဉ်းသည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒ ခြောက်ရပ်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးကိစ္စများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)ကို ပြင်ဆင်ဖွဲ့စည်းခြင်း ကိစ္စများနှင့်ပတ်သက်ပြီးဆွေးနွေးပြောကြားသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စများနှင့်ပတ်သက်၍လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် INGO အဖွဲ့တို့အကြား အကောင်အထည်ဖော် ဆောင်ရွက်မည့် “မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လိုအပ်သောအကူအညီများ ပေးအပ်နိုင်ရေးစီမံကိန်း” လျာထားဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၄၃ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နိုင်ငံရေးပါတီများနှင့်တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများ၏ သဘောထားများ ဆွေးနွေးရန်ကိစ္စ၊ ညှိနှိုင်းရေးကော်မတီနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးမည့် နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့် အလုပ်အဖွဲ့တို့ ဖွဲ့စည်းနိုင်ရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည့် အချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ညှိနှိုင်းရေးကော်မတီ၏ Vision နှင့် Mission များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေများနှင့် NCA ၏မဟာဗျူဟာ သုံးရပ်နှင့်အညီ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝဏ္ဏအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်က ကျေးဇူးတင်စကားပြောကြားပြီး ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နိဂုံးချုပ်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**☆ ကျောဖုံးမှအဆက်**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုမိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စတင်ပေါ်ပေါက်လာပုံနှင့် ထိုပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုရလဒ်များအတွက် ပါဝင်ပံ့ပိုးပေးခဲ့ကြသော မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများကို ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးချုပ်က မဲခေါင်မြစ်သည် နိုင်ငံဖြတ်ကျော် စီးဆင်းလျက်ရှိသည့် မြစ်ကြီးတစ်စင်းဖြစ်ပြီး၊ မဲခေါင်နိုင်ငံ ခြောက်နိုင်ငံအားလုံးတို့ကိုသာ တူညီမျှစွာ အကျိုးပြုလျက်ရှိကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် စတင်ပေါက်ဖွားလာခဲ့ပြီး မဲခေါင်မြစ်ကို မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးကို ရှေးရှုလျက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးယန္တရားကို စတင်ထူထောင်ရန်ဆုံးဖြတ်ခဲ့သည့် မဲခေါင်-လန်ချန်း ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှုအပေါ် ဂုဏ်ပြုလိုကြောင်း၊မဲခေါင်-လန်ချန်း အထူးရန်ပုံငွေသို့ အမေရိကန်ဒေါ်လာသန်း ၃၀၀ မတည်ထူထောင် ထည့်ဝင်ပေးခဲ့သည့် တရုတ်နိုင်ငံကို ကျေးဇူးအထူးတင်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလထိ တရုတ်နိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း ဝန်ကြီးအဆင့်အစည်းအဝေး သုံးကြိမ် ကျင်းပနိုင်ခဲ့ကြောင်း၊ ထို့ပြင် စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း ခေါင်းဆောင်များ အစည်းအဝေး၌ အရေးပါသည့် “နေပြည်တော် ကြေညာစာတမ်း”၊ “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ငါးနှစ်တာလုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇)” နှင့် “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တီထွင်ဆန်းသစ်မှုစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲအစီအစဉ်” တို့ကို အောင်မြင်စွာအတည်ပြုနိုင်ခဲ့ခြင်း၊ တရုတ်နိုင်ငံမှ ထောက်ပံ့လျက်ရှိသော မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ၏ အရေးပါမှုနှင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်း တန်ဖိုးရှိ စီမံကိန်းပေါင်း ၁၀၆ ခုကို လက်ခံရရှိကာ နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးကျေးဇူးများစွာ ရရှိခဲ့ခြင်းတို့ကို အကျယ်တဝင့် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်က အနာဂတ်တွင်လည်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရား ပိုမိုခိုင်မာစေရန် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပိုမိုနီးကပ်စွာလက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လက်ရှိပူးတွဲဥက္ကဋ္ဌ ထိုင်းနိုင်ငံနှင့်လည်း အပြည့်အဝ ပူးပေါင်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ခိုင်မာသော ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ပြီး နေ့စဉ်ထုတ် မြန်မာ့သတင်းစာများ၌ မကြာသေးမီက ရေးသားဖော်ပြခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်းပါးအပေါ် ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ရှစ်နှစ်တာကာလအတွင်း ဒေသတွင်း၌ မီးရထားလမ်း၊ ကားလမ်း၊ လေဆိပ်၊ သင်္ဘောဆိပ်၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားလိုင်းချိတ်ဆက်မှု စသည့်ကဏ္ဍများတွင် တိုးတက်မှု များစွာရရှိခဲ့ကြောင်း၊ ပို့ဆောင်ချိတ်ဆက်မှုကဏ္ဍတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတို့ကို အရှိန်အဟုန်မြှင့်တင်စေနိုင်ခဲ့ကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းစုစုပေါင်း ၇၀၀ ကျော်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ယမန်နှစ်က တရုတ်နိုင်ငံ၏ စီးပွားရေးသည် တိုးတက်မှုနှုန်း ၅ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ သုံးပုံတစ်ပုံခန့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုသည် မြန်မာနိုင်ငံနှင့် အခြားမဲခေါင်နိုင်ငံများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်လာနိုင်သည့်နည်းတူ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း တွန်းအားများဖြစ်ပေါ်စေနိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာစားပွဲကို ဆက်လက်ကျင်းပရာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြကာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့က အနုပညာရှင်အဖွဲ့ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားများ ကျင်းပ




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်တစ်ဦးကို အဆင့်တံဆိပ်တပ်ဆင်ချီးမြှင့်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်တစ်ဦးကို အဆင့်တံဆိပ်တပ်ဆင်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို အဆင့်တံဆိပ်တပ်ဆင်ချီးမြှင့်စဉ်။

**နေပြည်တော် မတ် ၂၈**

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပကြသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။


အဆိုပါ စစ်ရေးပြအခမ်းအနားသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက တက်ရောက် မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ သင်တန်းများတွင် ဆုရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြသူများနှင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင် (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် အသီးသီးပြုလုပ်ကြသည်။

အလားတူ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်းတပ်ဖွဲ့များတွင်လည်း (၇၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုကြည်ညို




**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကျင်းပနေသည့် စာဖြေဌာနများသို့ ယနေ့မွန်းလွဲပိုင်းက သွားရောက်ကာ စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ဆရာတော်ကြီးများကို ဖူးမြော်၍ စာဖြေသံဃာတော်နှင့် သီလရှင်များဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစိုးရဓမ္မာစရိယစာမေးပွဲကျင်းပနေသည့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(ပ၇)စာဖြေဌာန မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ အမှတ်(ပ၁)စာဖြေဌာန မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ အမှတ်(ပက)စာဖြေဌာန ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း ရောက်ရှိပြီး အစိုးရဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်၍ ဩဝါဒများခံယူပြီး စာဖြေခန်းများတွင် စာဖြေသံဃာတော်များ၊ သီလရှင်များ အေးချမ်းစွာဖြင့် စာဖြေဆိုနေမှုကို လိုက်လံကြည့်ရှုကြည်ညိုကာ တိုင်းဒေသကြီးသာသနာရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း အစိုးရဓမ္မာစရိယစာမေးပွဲစာဖြေဌာန ၁၀ ခုဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ဝင်ရောက်ဖြေဆိုမှုအခြေအနေများကို လိုက်ပါရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များနှင့် သီလရှင်များ စိတ်ချမ်းမြေ့စေရေး အလေးထားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်ရှိ အဂ္ဂါဘိဓဇရတနာကံကော်ကျောင်းသို့ ရောက်ရှိပြီး မတ် ၂၇ ရက် မွန်းလွဲပိုင်းက ဘဝနတ်ထံပါးလွန်တော်မူသွားသည့် ချမ်းအေးသာစံမြို့နယ် သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်) မဟာဝိဇိတာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏိတ သက်တော် ၈၁နှစ် သိက္ခာတော် ၆၁ ဝါ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ပြီး မဟာဝိဇိတာရုံကျောင်းတိုက် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တယာနိက အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ကျင်းပရေးနှင့်စပ်လျဉ်း၍ ဩဝါဒများခံယူကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားပြီး အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင်အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမသို့ ရောက်ရှိပြီး နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့် စေတနာရှင် ပြည်သူများကလှူဒါန်းသည့် ပစ္စည်းများကို စနစ်တကျ ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## အစိုးရဓမ္မာစရိယစာမေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ ပထမနေ့အဖြစ် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၉၄၈ ပါး/ဦး အနက် ၁၂၅၅၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၉၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်အောင်အောင်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများ ရောင်းချသွားမည်

**နေပြည်တော် မတ် ၂၈**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၃ ရက်မှ ၁၂ ရက်ထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင်ကျင်းပမည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံက ထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်သည်။

ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကဒ်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းရုံးချုပ် နေပြည်တော်နှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် နေပြည်တော်တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်ခဲ့သည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပ




(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်ခဲ့သည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပစဉ်။

**နေပြည်တော် မတ် ၂၈**

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြခဲ့ကြသည့် စစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များက ဇာတိမာန်နှင့်မျိုးချစ်စိတ်ကို တက်ကြွစေမည့် တေးသီချင်းများ၊ ငြိမ့်ညောင်းသာယာလှသည့် မြန်မာသံတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ အကအလှများဖြင့် လည်းကောင်း၊ နိုင်ငံကျော်ဟာသပညာရှင်များက စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဟာသပြက်လုံးများဖြင့် လည်းကောင်း ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြရာ စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စိတ်လက်ရွှင်လန်းပျော်ရွှင်စွာဖြင့် တစ်ခဲနက် ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဖျော်ဖြေကြသည့် အနုပညာရှင်များနှင့်အတူ တပျော်တပါး ပါဝင်သီဆိုဆင်နွှဲကြသည်။

ထိုသို့ သီဆိုကပြဖျော်ဖြေနေမှုများကို စစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များကလည်း သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားရှိ



(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၂၈**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှစစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့်လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌စစ်ကြောင်းများ၏ကိုယ်စားပြုအရောင်အလှမီးများမီးအလှထွန်းသည့် Truss Beam များ၊မီးဆိုင်းများ၊ Light Box များ၊ Lighting Poleများဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့်ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း အသီးသီး ပုံဖော်အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာတွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့များတွင်အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ လာရောက် အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။



(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့၌ မီးအလှများ၊ ပန်းအလှများဖြင့်ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်ထားမှုကို တွေ့ရစဉ်။

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊မီးအလှများဖြင့်ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၁၇၊ ၀၅၉- ၂၀၂၄၀၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၇၅၊ ၀၅၇- ၂၀၂၇၉၇၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြစ်ကြီးနားမြို့နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ပဋ္ဌိပတ္တိမာမကကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၄၁ ပါးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းအရှေ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ကြာအင်းအရှေ့ရွာ ကျောင်းကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို လိုအပ်သည့် ရောဂါရှာဖွေစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို တွေ့ဆုံအားပေး၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင် အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ် အတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို တွေ့ဆုံအားပေး စကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများနေထိုင်သော ကျေးရွာများဖြစ်သည့် နမ့်ဟူးကျေးရွာ၊ ပန်လျန်းကျေးရွာ၊ ကျောက်ကချားကျေးရွာတို့ရှိ ယာယီနေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားပြည်သူများ ပြန်လည်အခြေချနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် နမ့်ဟူးကျေးရွာရှိ ဒေသခံ တိုင်းရင်းသားပြည်သူများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပန်လျန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပြီး ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်ကချားကျေးရွာသို့ သွားရောက်၍ ဒေသခံ တိုင်းရင်းသားပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Moe Aung” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ် အိုင်စောက်ကျေးရွာနေ လွင်မိုးအောင်အား ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရေဆင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့ကို အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ် ၂၈ ရက်မှ ၃၁ ရက်ထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၉-၃-၂၀၂၄ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ်(ကာလပေါ်) |
| ၆။ | ၂၁း၄၀ | Love Dictionary |

# မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြောက်ဦးမြို့နယ်

မောင်ငြိမ်းအေး

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသကိုဖြတ်ကျော်ပြီး စစ်တွေမြို့အနီးမှ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) ၏ အဖျက်စွမ်းအားမှာ အလွန်ကြီးမားလှပါသည်။ ဆိုင်ကလုန်းမုန်တိုင်း အမည်ရှေ့တိုင်း၌ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဟု ပညတ်ကြသော်လည်း ယခု မိုခါဆိုင်ကလုန်းမုန်တိုင်းမှာမူ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၂၀ အထိရှိသဖြင့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဖြစ်လာခဲ့သည်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် မဟာထီးစေတီ ထီးတော်ပျက်စီးမှုကိုတွေ့ရစဉ်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် မဟာထီးစေတီ ထီးတော်ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။

## ကြေမွပျက်စီး

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်စလုံး ထိခိုက်ကြေမွပျက်စီးသွားခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြောက်ဦးမြို့နယ်သည်လည်း အခြားမြို့နယ်များနည်းတူ ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ(အခမဲ့)ဆောင်ရွက်ပေးစဉ်။

မြောက်ဦးမြို့နယ်အတွင်းရှိ ရုံးအဆောက်အအုံများ၊ လူနေအိမ်များ အများသောအားဖြင့် အမိုးလန်ပြိုကျပျက်စီးသွားခဲ့သည်။ ထို့ပြင် ဓာတ်တိုင်များ၊ သစ်ပင်များ ကျိုးကျပြိုလဲခြင်း၊ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခြင်း၊ သာသနိကအဆောက်အအုံများဖြစ်သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများပျက်စီးခြင်း၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဆေးခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ယာယီခိုလှုံရာစခန်းများ၊ ဆန်စက်များ၊ မွေးမြူရေးကြက်ခြံများ၊ မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ စသည်ဖြင့် တစ်မြို့နယ်လုံးရှိ အဆောက်အအုံများ ကြေမွပျက်စီးသွားခဲ့သည်။

## ရှုမောဖွယ်ပျက်ပြယ်

မြောက်ဦးမြို့နယ်သည် မြေညီမြေပြန့်မဟုတ်၊ တောင်ကုန်းတောင်ပူစာတို့ဖြင့် သာယာလှပသော မြို့တစ်မြို့ဖြစ်သည်။ မြို့နယ်၏ မြောက်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် သစ်တောများဖုံးလွှမ်းနေသော တောင်တန်းများရှိပြီး မြို့တောင်ပိုင်းနှင့် အနောက်ပိုင်းတို့မှာ မြေညီဇာကောင်းမွန်သဖြင့် ဆန်စပါးကို အဓိကစိုက်ပျိုးကြသည်။ **မြောက်ဦးမြို့နယ်၏ အထင်ကရအထိမ်းအမှတ်လက္ခဏာဖြစ်သည့် တင့်တယ်ရှုမောဖွယ်ကောင်းသည့် ရှေးဟောင်းစေတီပုထိုးများ မြောက်မြားစွာရှိသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားရာမြို့တစ်မြို့ဖြစ်သည်။**

ပြီးခဲ့သည့်နှစ်က ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်ဖျက်ဆီးမှုကြောင့် သာယာလှပမှုနှင့် ရှုမောဖွယ်ရာများ အကျည်းတန်အရုပ်ဆိုးဖြစ်ခဲ့ရသည်။ မြောက်ဦးမြို့နယ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ခရိုင်မြို့တစ်မြို့ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ စစ်တွေခရိုင်၊ မောင်တောခရိုင်တို့နှင့်အတူ မြောက်ဦးခရိုင်သည်လည်း ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်ရှိ လူနေအိမ်နှင့်အဆောက်အအုံ ၂၀၅၁၉ ခုမှာ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားခဲ့ပြီး လူနေအိမ်နှင့်အဆောက်အအုံ ၇၅၆၀ ခုမှာ လုံးဝပျက်စီးပြိုကျသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ကျပ်သန်းပေါင်း နှစ်သောင်းကျော်ရှိကြောင်း ခန့်မှန်းထားသည်။

## ကြိုတင်ပြင်ဆင်

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် အဖျက်စွမ်းအား အလွန်ကြီးမားသော်လည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ကြိုတင်အသိပေးထားမှု၊ ရှာဖွေကယ်ဆယ်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား ကြိုတင်ပြင်ဆင်ဖွဲ့စည်းထားမှုတို့ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်များပျက်စီးမည်ကို သိသော်လည်း စိုးရိမ်စရာကြီးကြီးမားမား မဖြစ်ခဲ့ကြပေ။ **မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ် ၄ မြို့နယ်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ကြမည့် အင်အား ၄၆၅ ဦးကို စုရပ်နေရာ ၁၃ ခုတွင် အသင့်ပြင်ဆင်ထားရှိခြင်း၊ မုန်တိုင်းသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ဆောင်ရွက်ထားရှိခြင်းနှင့် စားနပ်ရိက္ခာများ တစ်ပတ်စာကြိုတင်သိုလှောင်ထားရှိခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် ပူပန်မှုကြီးကြီးမားမား မဖြစ်ခဲ့ခြင်းဖြစ်သည်။**

## ဂုဏ်ယူဝင့်ကြွား

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ကွပ်ကဲမှုအောက်ရှိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ်ကျရောက်နိုင်သည့်လမ်းကြောင်းပေါ်တွင် နေထိုင်ကြသည့်ပြည်သူများအား ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးထားသဖြင့် မြောက်ဦးမြို့နယ်အတွင်းမှ ပြည်သူများ ထိခိုက်သေဆုံးမှုအန္တရာယ်မှ ကင်းဝေးခဲ့ကြသည်။ မုန်တိုင်းသင့်ဒေသများတွင် မုန်တိုင်းမကျရောက်မီ၊ မုန်တိုင်းကျရောက်စဉ်နှင့် မုန်တိုင်းကျရောက်ပြီးကာလတစ်လျှောက်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သန္တမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၏ ဂုဏ်ယူဝင့်ကြွားစေတနာထက်သန်စွာ ကူညီကယ်ဆယ်စောင့်ရှောက်ပေးမှုများသည် မုန်တိုင်းသင့်ပြည်သူများအတွက် တစ်အားဖြစ်စေသည်။

## တာဝန်ပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် မေလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်အတွက် တပ်မတော်အရာရှိကြီးများအား အချိန်မဆိုင်းဘဲ တာဝန်ပေးအပ်ခဲ့ရာ မြောက်ဦးမြို့နယ်တွင် တပ်မတော်အရာရှိကြီးတစ်ဦးဖြစ်သည့် ဗိုလ်ချုပ်သောင်းထိုက်ရွှေကို တာဝန်ပေးအပ်ခဲ့ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ခဲ့သည်။

## ထောက်ပံ့ပေးအပ်

မုန်တိုင်းတိုက်ခတ်ပြီးသည်နှင့် ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များက မြို့ပေါ် ရပ်ကွက်/ကျေးရွာများအတွင်း ပြိုကျပျက်စီးမှုများကို အလျင်အမြန်ရှင်းလင်းဖယ်ရှားပေးပြီး မုန်တိုင်းရှောင်ပြည်သူများကို ပြန်လည်နေရာချထားပေးကြသည်။ ဆက်လက်၍ မြောက်ဦးမြို့နယ်အတွင်းရှိ မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို နယ်မြေခံတပ်မမှူးဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက မြောက်ဦးမြို့တော်ခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဦးစွာပေးအပ်ခဲ့ကြသည်။

မုန်တိုင်းသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော ဆန်အိတ် ၆၂၀ အိတ်နှင့် ဆီ၊ ဆား၊ ငါးပိတို့ကို မြောက်ဦးမြို့နယ် အလယ်ချောင်းကျေးရွာ၊ ဇီပင်ကြီးကျေးရွာ၊ ရဲဖျားကျေးရွာ စသည့်ကျေးရွာအုပ်စု ၁၉ အုပ်စု၊ ကျေးရွာ ၅၆ ရွာရှိပြည်သူတစ်သောင်းကျော်အား ထောက်ပံ့ပေးအပ်ခဲ့သည်။ အလားတူ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနကလည်း ကျေးရွာအုပ်စုလေးအုပ်စုမှ လုံးဝပျက်စီးသွားသောနေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် ထောက်ပံ့ရေးပစ္စည်း ၁၇ မျိုးကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ခဲ့ပြီး ကျန်ရှိသောကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့သည်။

## နေ့စဉ်ဆောင်ရွက်

ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့်ကျေးရွာများနှင့် ပြန်လည်တည်ဆောက်ရမည့်အခြေအနေများကို မုန်တိုင်းလွန်ကာလမှစ၍ မြောက်ဦးမြို့နယ်ကို တာဝန်ယူဆောင်ရွက်ရသည့် ဗိုလ်ချုပ်သောင်းထိုက်ရွှေက မြို့နယ်မှဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ မြို့နယ်အတွင်း နေ့စဉ်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များ စသည့် လုံးဝပျက်စီးသွားသည့် အဆောက်အအုံများ၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် အဆောက်အအုံများကို ခွဲခြားစာရင်းကောက်ယူကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၂၄ သို့





ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော လျှပ်စစ်ကွန်ရက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက နေ့မအား၊ ညမနား ပြန်လည်တည်ဆောက်ခဲ့ကြရာ အချိန်တိုအတွင်း လျှပ်စစ်မီးပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့မှုကိုတွေ့ရစဉ်။

စာမျက်နှာ ၂၃ မှအဆက်

**ကျောင်းဖွင့်အမီ**

မြောက်ဦးမြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအပါအဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၁၆၈ ကျောင်း ပျက်စီးသွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သန်းပေါင်း ၃၅၉ သန်းကျော်ရှိကြောင်းသိရသည်။ မြောက်ဦးမြို့ပေါ်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၊ တောင်ရပ်မူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းများမှာ ခေါင်မိုးနှင့်မျက်နှာကြက်များ လုံးဝပျက်စီးသွားသဖြင့် ကျောင်းဖွင့်ရာသီအမီ အမြန်ပြန်လည်တည်ဆောက်ပြုပြင်နိုင်ရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့သည်။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှုအဆင်ပြေစေရန်အတွက် ယာယီစာသင်ဆောင်များဆောက်လုပ်၍ ပညာသင်ကြားပေးခဲ့မှုကိုတွေ့ရစဉ်။

**အခွင့်အရေးမဆုံးရှုံး**

မြောက်ဦးမြို့နယ်အတွင်း လုံးဝပျက်စီးသွားသောကျောင်း ၁၇ ကျောင်းကို ပြန်လည်ပြင်ဆင်တည်ဆောက်နေချိန်တွင် ကျောင်းသား၊ ကျောင်းသူများနေထိုင်ရာကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများနှင့်ဓမ္မာရုံများတွင် တစ်နေ့လျှင် နှစ်ကြိမ်ခွဲပြီး စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ **မြောက်ဦးမြို့နယ်တွင် အခြေခံပညာကျောင်း ၁၆၈ ကျောင်းရှိသည့်အနက် ဇူလိုင်လ ၂၃ ရက်နေ့တွင် ၁၃၅ ကျောင်းကို ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျန်ရှိသောကျောင်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းလွန်ကာလတွင် အချိန်တိုအတွင်း ပြန်လည်တည်ဆောက်ပေးနိုင်သောကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှုအခွင့်အလမ်းများမဆုံးရှုံးဘဲ နေ့စဉ်ကျောင်းတက် ပညာသင်ယူနိုင်ခဲ့ကြသည်။**

**အခက်အခဲဖြစ်**

မြောက်ဦးမြို့နယ်တွင် ဆေးရုံ၊ ဆေးခန်း ရှစ်ခု ကျေးလက်ကျန်းမာရေးဆေးခန်း ၂၀ ခု စုစုပေါင်း ကျန်းမာရေးအဆောက်အအုံ ၂၈ ခု ပျက်စီးဆုံးရှုံးခဲ့သည်။ မြောက်ဦးမြို့နယ် တိုင်းရင်းဆေးကုဌာနမှလည်း မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း၊ တိုင်းရင်းဆေးဝါးများလှူဒါန်းခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများကကုသပေးကြသည်။ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်အတွင်းရှိ ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးသွားခဲ့သည်။ မြို့နယ်အတွင်းရှိ တာအရှည်ပေ ၈၀၁၁၉ ပေ၊ ရေတွင်း ၄ တွင်း၊ ရေကန် ၈၇ ကန် ပျက်စီးသွားခဲ့သည်။ ပြည်သူများ အားထားသောက်သုံးရာ ရေတွင်း၊ ရေကန်များ ပျက်စီးသွားသဖြင့် များစွာအခက်အခဲဖြစ်ကြရသည်။

မြောက်ဦးမြို့နယ်တွင် စေတီတော် ၂ ဆူ၊ ဘုန်းတော်ကြီးကျောင်းနှင့် သာသနိကအဆောက်အအုံ ၅၆၅ ခု ပျက်စီးဆုံးရှုံးခဲ့သည်။ မြောက်ဦးမြို့နယ်တွင် ရခိုင်ပြည်နယ်၏ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် နန်းတော်ရာကုန်းအား မူလအခြေအနေအတိုင်း ပတ်ဝန်းကျင်သာယာလှပစေရေးအတွက် မုန်တိုင်းလွန်သည့်ကာလမှစ၍ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျိုးကျနေသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပိတ်ဆို့နေသော သစ်ကိုင်းများကို ရှင်းလင်းဖယ်ရှားခြင်း၊ လမ်းဘေးချုံနွယ်အမှိုက်များကိုရှင်းလင်းခြင်းတို့ကို နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။

**အမြန်ဆုံးပြုပြင်**

မြောက်ဦးမြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလည်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သန်းပေါင်း ၁၇၇၃ သန်းကျော်ရှိခဲ့သည်။ မြို့နယ်အတွင်းရှိ ဆန်စက် ၅၃ စက် ပျက်စီးသွားသည်။ မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်ကောင်ရေ ၄၉၁၈၂ ကောင် သေဆုံးခဲ့သည်။ ဆုံးရှုံးမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။ **မြောက်ဦးမြို့နယ်အတွင်း ဒေသခံပြည်သူများ သွားလာလုပ်ကိုင်ဆက်သွယ်မှုအတွက် တည်ဆောက်ပေးထားသော လမ်း ၂ ခုနှင့် တံတား ၄ ခု ပျက်စီးခဲ့သည်ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အမြန်ဆုံးပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့သည်။**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ လျှပ်စစ်မီးတိုင်များ၊ မီးကြိုးများ၊ ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်တာဝါတိုင်များ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရာ မြောက်ဦးခရိုင်အတွင်းရှိ လျှပ်စစ်အဆောက်အအုံနှင့်ပစ္စည်းများလည်း ပါဝင်ခဲ့သည်။ မြောက်ဦးမြို့နယ်တွင် လျှပ်စစ်တာဝါတိုင် ၂ ခုနှင့် ဓာတ်တိုင် ၁၇၇ ခု ပြိုကျပျက်စီးသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၆၀ ကျော်ရှိသည်။ အဆိုပါ လျှပ်စစ်ကဏ္ဍဆိုင်ရာ ပျက်စီးမှုများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက မုန်တိုင်းလွန်ကာလတစ်လျှောက် နေ့စဉ်ပြန်လည်တည်ဆောက်ခဲ့ကြသည်။

**ဝမ်းမြောက်ပျော်ရွှင်**

**မြို့နယ်အတွင်း ပျက်စီးသွားသော လျှပ်စစ်ကွန်ရက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက နေ့မအား၊ ညမနား ပြန်လည်တည်ဆောက်ခဲ့ကြရာ မူလက လျှပ်စစ်ဓာတ်အား ပြန်လည်ပေးနိုင်ရေးကို ဇွန်လကုန်မှသာရရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း ဝန်ထမ်းများ၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဇွန်လ ၂၃ ရက်နေ့ နံနက်တွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦးလိုင်းနှင့် ၆၆ ကေဗွီ မြောက်ဦး-မင်းပြားလိုင်းတို့ကို လျှပ်စစ်ဓာတ်အား ပြန်လည်ချိတ်ဆက်နိုင်ခဲ့သည်။**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သည့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ရသေ့တောင်မြို့တို့ရှိ လျှပ်စစ်မီးတိုင်များအားလုံးပျက်စီးသွားခဲ့ပြီး မီးများပြတ်တောက်သွားခဲ့သည်။ ပြတ်တောက်သွားသော လျှပ်စစ်ပိုင်းဆိုင်ရာတို့ကို ဝန်ထမ်းများက အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသောကြောင့် ဇွန်လ ၂၃ ရက်နေ့ နံနက် ၁၁ နာရီ ၂၃ မိနစ်အချိန်မှစ၍ မြောက်ဦးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်မီးရာနှုန်းပြည့်ရရှိသဖြင့် ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။

**ထိခိုက်မှုအနည်းဆုံး**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုနှင့်ပတ်သက်၍ မိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ အလေးထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုဖြင့် မုန်တိုင်းမကျရောက်မီကာလအတွင်း မြောက်ဦးမြို့နယ်အပါအဝင် မြို့နယ်များရှိ သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များသို့လည်းကောင်း၊ ဘေးလွတ်ရာများသို့ လည်းကောင်း အိမ်ထောင်စုများအား ရွှေ့ပြောင်းပေးနိုင်ခဲ့သဖြင့် လူအသေအပျောက်နှင့် ထိခိုက်မှုနည်းပါးခဲ့သည်။ မြောက်ဦးမြို့နယ်တွင် လူအသေအပျောက်နှင့် ထိခိုက်မှုမရှိခဲ့ပါ။ ပျက်စီးဆုံးရှုံးမှုမှာလည်း အများဆုံးအဆင့်တွင် မပါဝင်ခဲ့သည်ကိုတွေ့ရသည်။

**ရိုင်းပင်းကူညီ**

အလွန့်အလွန်အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် အဖျက်စွမ်းအားကြီးမားလှသဖြင့် မုန်တိုင်းဖြတ်သန်းရာဒေသများအားလုံး ထိခိုက်ပျက်စီးမှုနှင့် သေဆုံးထိခိုက်မှုကြီးမားမည်ဟု ခန့်မှန်းခဲ့ကြသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၌ ပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအရေးပေါ် အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ် မကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များနှင့်ပတ်သက်သည့် လမ်းညွှန်မှာကြားချက်များကို ထိထိရောက်ရောက်တက်တက်ကြွကြွတက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့်ပြည်ထောင်စုဖွား ညီနောင်သားချင်း ရိုင်းပင်းကူညီသည့် မွန်မြတ်သည့်စိတ်ထားဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် အသေအပျောက်ထိခိုက်မှုအနည်းဆုံးဖြင့် မူလအခြေအနေထက်သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။ ။



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများနှင့်ပစ္စည်းများကို တာဝန်ရှိသူများကြီးကြပ်မှုဖြင့် ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးစဉ်။





ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြိုလဲပျက်စီးသည့်သစ်ပင်သစ်ကိုင်းများကို တပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။



# ဘဝတစ်ကွေ့

မယ်မင်းခ(စေရာ)

(၁)

ဆရာမလေး သဇင်နီသည် မိုးဖွဲဖွဲအောက်တွင် ထီးမပါဘဲ ခပ်သွက်သွက်လမ်းလျှောက်လာနေ၏။ ဆရာမတစ်ကိုယ်လုံးလည်း မိုးရေစိုရွှဲနေသည်။

"ဆရာမ ဘယ်ကိုပို့ရမလဲ ခင်ဗျာ"

ဆိုင်ကယ် ကယ်ရီသမားလေး၏ အမေးဖြစ်သည်။

"ဩော်. . . မြို့ထဲကိုပါ။ အမှတ်(၁) အ. ထ. က ကျောင်းနားကို ပို့ပေးပါရှင့်"

"ဟုတ်ကဲ့ခင်ဗျ"

ဆရာမလေး ဒေါ်သဇင်နီ တာဝန်ကျသောရွာလေးသည် မြို့နှင့်အလှမ်းဝေးသော တောရွာလေးဖြစ်၍ လမ်းပန်း ဆက်သွယ်ရေး အလွန်ပင်ခက်ခဲလှသည်။

ဆရာမလေး၏ဇာတိမြို့ဖြစ်သော စေတုတ္တရာမြို့မှ မုန်းဆည်တမံသို့ ဆိုင်ကယ်ကယ်ရီဖြင့် မိနစ် ၂၀ ခန့် စီးရသည်။ ထိုမှတစ်ဆင့် စက်လှေကို နှစ် နာရီခန့် စီး၍ မုန်းချောင်းရေကို ဆန်တက်ရသည်။ သို့သော် ဤတွင်ခရီးမဆုံးသေးပါ။ စက်လှေဆိပ် ရောက်၍ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး တောင်ကျချောင်းရေ ရှစ်တန်ကို ဖြတ်ကျော်ပြီးမှ တာဝန်ကျရာ ရွာလေးသို့ ရောက်မည်ဖြစ်သည်။

"ဆရာမ သင်တန်းရှိလို့လား ခင်ဗျ"

"သင်တန်းမဟုတ်ပါဘူး။ အစည်းအဝေးတစ်ခုရှိလို့ ပြန်လာတာ။ မိုးကရွာ လှိုင်းကကြီးနဲ့ ကျွန်မဖြင့် လှေပေါ်မှာ အသက်ကိုမရှူရဲလောက်အောင်ပါပဲ။ ရွှတ်သမျှ ဘုရားစာလဲ အဆုံးထိမရောက်နိုင်ဘူး"

"ဟား ဟား ဒီလမ်းတွေကတော့ ဒီလိုပါပဲ ဆရာမရယ်။ ဆရာမက တာဝန်ကျစမို့ပါ။ နောက်တော့ နေသားကျသွားပါလိမ့်မယ်"

စကားပြောရင်းဖြင့်ပင် အိမ်နားရောက်ပြီဖြစ်၍ ကယ်ရီခရှင်းပြီး အိမ်ထဲအဝင် သူငယ်ချင်း ယုမေသည် မေမေနှင့်စကားပြောနေရာမှ လာကြိုလေသည်။

"သဇင် နင် အဆင်ပြေရဲ့လားဟာ။ နင့်ကိုကြည့်ပြီး ရင်မောလိုက်တာ"

"ပြေပါတယ် ယုမေရယ်။ ငါ့ကိုမပူပါနဲ့။ ဒီအလုပ်ကိုချစ်လို့ ရွေးချယ်ခဲ့တာပဲလေ။ အဆင်မပြေလဲ ငါပျော်တယ်"

ယုမေသည် သဇင်၏ငယ်သူငယ်ချင်းဖြစ်သည်။ ငယ်ငယ်ကတည်းက စာညံ့သောကြောင့် ဆယ်တန်းမအောင်ခဲ့ပေ။ ချမ်းသာသည့်မိဘများက အလိုလိုက်ထားသောကြောင့်လည်း ခပ်ဆိုးဆိုးသမီးတစ်ယောက်ဖြစ်၏။

"သဇင် နင်ပြန်လာတာ ကိုနောင်မင်းဆက် သိပြီးပြီလား။ နင် သူ့ကိုဖုန်းဆက်ပြီးပြီလား"

ယုမေ အလောတကြီးမေးမှ သဇင် သက်ပြင်းချမိ၏။

"သူ ဘယ်သိပါ့မလဲဟာ ကြိုပြောထားရအောင် ဟိုရွာမှာက ဖုန်းလိုင်းမိတာမှ မဟုတ်တာ။ ညမှ ဖုန်းဆက်ပြီး အေးအေးဆေးဆေး ပြောတော့မယ်။ အခုတော့ အလုပ်အတွက် ပြင်ဆင်စရာလေးတွေရှိသေးတယ် မယ်မင်းကြီးမရဲ့"

"အေးပါအေ ညည်းတို့ချင်း အဆင်ပြေရင် ပြီးတာပါပဲ။ ကိုနောင်မင်းဆက်က ငါနဲ့တွေ့တိုင်း နင့်ကိုသတိရကြောင်း၊ စိတ်မချကြောင်း တဖွဖွပြောနေတာ။ သူ့ခမျာလဲ နင့်ကိုချစ်ရတာ သနားစရာပါအေ"

ယုမေပြောလည်း ခံရပေမည်။ ဝေးလံခေါင်ဖျားမှာ တာဝန်ကျသည့် ဆရာမတစ်ယောက်အဖို့ ချစ်သူအတွက် အချိန်မပေးနိုင်၊ ပျော်ရွှင်စရာများမပေးနိုင်သည်မှာ အမှန်ပင်ဖြစ်၏။

သဇင်၏ချစ်သူ နောင်မင်းဆက်မှာ မြို့ပေါ်တွင် အချမ်းသာဆုံး သူဌေးသားတစ်ယောက် ဖြစ်သည်သာမက ရုပ်ရည်သန့်ပြန့်သော လူချောတစ်ယောက်လည်းဖြစ်၏။

(၂)

သဇင်နီနှင့် ဖုန်းပြောနေရသည်ကိုပင် နောင်မင်းဆက် အပျော်ကြီးပျော်နေလေသည်။ ချစ်ရသူလေးကို လွမ်းရသည့်ရက်များ ရှည်ကြာခဲ့ပြီ။ မိဘများသဘောမတူသော်လည်း နောင်မင်းဆက်ရင်ထဲမှာ အသက်မက ချစ်ရသူပင် ဖြစ်သည်။

"သဇင် ဘယ်နေ့ပြန်မှာလဲ ဟင်"

"မနက်ဖြန် မနက်ပိုင်း အစည်းအဝေးပြီးရင် နေ့လယ်လှေနဲ့ ပြန်မယ် ကိုကို"

"အလွမ်းပဲမပြေသေးဘူး သဇင်ရယ်။ အိပ်မက်ဆိုရင်တောင် အဲဒီလောက်အချိန်တိုမှာမဟုတ်ဘူး။ ကိုကိုတို့ ဘယ်တော့မှ နီးစပ်နိုင်မှာလဲဟင်"

ချစ်ရသူ၏စိတ်သောကကို သဇင်ဘယ်လိုပြန်ဖြေရမည်မသိတော့ပါ။ နောင်မင်းဆက်၏ မိဘအသိုင်းအဝိုင်းများသည် သဇင်နှင့်သဘောမတူကြပေ။ ခိုးရာလည်း မလိုက်ချင်။ အဖြေရှာဆဲ လမ်းပျောက်ဆဲဖြစ်နေတော့၏။

"အဆင်ပြေမဲ့နည်းလမ်း ရှာတွေ့မှာပါ ကိုကိုရယ်။ သဇင်လေ ကိုကို့ကိုလွမ်းတိုင်း ကဗျာတွေ အများကြီးရေးထားတယ်။ ကိုကို နားထောင်ကြည့်နော် ဖတ်ပြမယ်"

ချစ်သူနှစ်ဦးသား အဆင်မပြေမှုများကိုမေ့ပျောက်ပြီး ကြည်ကြည်နူးနူးစကားများပြောလျက် အလွမ်းသယ်ကြလေတော့သည်။

"ဟိတ်"

"အမယ်လေး လန့်လိုက်တာ ယုမေရယ်"

ယုမေသည် တခစ်ခစ်ရယ်ရင်း သူ့အကြံအောင်မြင်သွား၍ သဘောအကျကြီးကျနေသည်။

"ညက ကိုနောင်မင်းဆက်နဲ့ ဖုန်းမှပြောရဲ့လား။ ပျော်မှပျော်ရဲ့လားလို့ လာမေးတာဟေ့။ အဟိ"

ယုမေက နောက်ပြောင်နေသော်လည်း သဇင့်မှာတော့ ရင်ထဲအပူမီး ဘယ်သူမှမသိနိုင် ဖြစ်နေရှာသည်။

"ငါ စိတ်ညစ်တယ် ယုမေရယ်။ ငါ့အတွက်နဲ့ကိုကို စိတ်ဆင်းရဲနေရတာ။ ငါတကယ်ဝမ်းနည်းတယ်။ ကိုကို့ကို တအားလဲချစ်တယ်။ ငါ ဘာဆက်လုပ်ရမလဲ ဟင် ယုမေ။ ငါ ရှေ့ဆက်သင့်ရဲ့လား"

"သဇင်ရယ် နင်တို့အဖြစ်ကလဲ မလွယ်လိုက်တာ။ ကိုယ်ချင်းလဲစာပါတယ်။ ငါလဲ အကြံဉာဏ်တော့ မပေးတတ်တော့ဘူးဟာ။ နင် စဉ်းစားပေါ့"

သူငယ်ချင်းနှစ်ယောက်စကားပြောနေချိန် မိခင်ဖြစ်သူ ဒေါ်မျိုးမျိုးနုနှင့် အဒေါ်ဖြစ်သူတို့နှစ်ယောက်သည် သမီးအတွက် ဟင်းအကြော်အလှော်များ ပြင်ဆင်ရန် မီးဖိုချောင်ထဲ အလုပ်ရှုပ်နေကြသည်။

"သူ့မိဘတွေက နင့်ကိုဆို ခါးခါးသီးသီးပဲ။ သာမန်ဝန်ထမ်း အထင်ကြီးစရာမရှိဘူးတဲ့။ ကိုနောင်မင်းဆက်ကတော့ နင့်ကို သိပ်ချစ်ရှာပါတယ်ဟာ"

ယုမေပြောသည့်စကားများကို ကြားနေသော်လည်း ဘာမှပြန်မပြောနိုင်ရှာဘဲ အဝေးကိုပဲ ငေးမောနေသည်။ ကော့ညွတ်နေသော မျက်တောင်ကို ပုတ်ခတ်ပြီး မျက်ရည်များကို တားဆီးနေသည်။

ဆံပင်ရှည်ရှည်၊ သွယ်လျသောကိုယ်ခန္ဓာ၊ ဝင်းမွတ်နေသည့်အသားအရေနှင့် ကြည်လင်အေးမြသည့် မျက်နှာထားပိုင်ရှင် သဇင်နီသည် တကယ့်ကို မိန်းမချောလေး တစ်ယောက်ဟု ယုမေ၏စိတ်တွင် အသိအမှတ်ပြုလျက် ငေးကြည့်နေ၏။

(၃)

မိုးဥတုကုန်ဆုံးခါနီး သီတင်းကျွတ်ကျောင်းပိတ်ရက်သို့ ရောက်လာလေသည်။

"ဆရာမလေး ကျောင်းပိတ်ရက်ပြန်မှာလား။ ဝါကျွတ်တော့မှာနော်။ ပြန်လာရင် အဖော်ခေါ်လာခဲ့တော့"

ရွာထဲမှ ရွယ်တူမိန်းကလေးများက ဝိုင်း၍ စကြနောက်ကြလေသည်။ အိမ်ခြေ ၁၈ အိမ်သာရှိသော ကျေးရွာလေးတွင် ဆရာမလေးအဖို့ မသိသူ၊ မခင်သူမရှိဘဲ တစ်ရွာလုံးက ချစ်ခင်ကြသည်။

"ဘကြီးအုန်းနဲ့ အမေကြီးမြ ဘာဟင်းတွေနဲ့ စားနေတာလဲရှင့်"

ဆရာမလေး သဇင်နီ၏ အသံချိုချိုလေးကိုကြား၍ အမေကြီးမြတစ်ယောက် ပျာပျာသလဲ အိမ်ပြင်ထွက်လာပြီး နှုတ်ဆက်လေသည်။

"သမီး ဆရာမ။ ထမင်းဝင်လာစား လာလာ"

"သမီးက စားခဲ့ပြီးပါပြီ အမေကြီး"

သားသမီးမထွန်းကားသော ဘကြီးအုန်းတို့မှာ ဆရာမလေး သဇင်နီကို သမီးအရင်းလေးသဖွယ် ချစ်ခင်ကြရှာသည်။

"သမီး ကျောင်းပိတ်ရက် အိမ်ပြန်မလို့။ ဘကြီးအုန်းနဲ့ အမေကြီးမြတို့ကို လာနှုတ်ဆက်တာ။ ရွာထဲကအိမ်တွေလဲ အလည်သွားရင်း နှုတ်ဆက်ခဲ့ပြီးပါပြီ။ သမီးမရှိတုန်း အမေကြီးတို့ ကျန်းမာရေး ဂရုစိုက်ကြပါနော်"

"အေးပါ သမီးဆရာမရယ်။ အမေကြီးမြတို့ကိုမပူနဲ့။ သမီးလေးပဲ အစစအရာရာ ဂရုစိုက် သိလား"

ထမင်းစားပြီး၍ အမေကြီးမြ သိမ်းဆည်းနေချိန်တွင် ဘကြီးအုန်းသည် ရေနွေးကြမ်းသောက်နေလေ၏။

"အေး သမီးဆရာမ အသွားအလာ ခရီးတစ်လျှောက် ဂရုစိုက်နော်။ အခုလို မိုးတွင်းမှာက တောင်ကျချောင်းရေ ခဏခဏကျတတ်တာ။ ရေစီးကလဲ သန်တော့ အပို့အကြိုလူမပါဘဲ လုံးဝမကူးနဲ့နော်။ သတိဝီရိယနဲ့ သွားလာသမီးရေ"

"ဟုတ်ကဲ့ပါ ဘကြီးအုန်း။ သမီးပြန်ဖို့အတွက် အုပ်ချုပ်ရေးမှူးက အားလုံးစီစဉ်ပေးထားပါတယ်"

"အေး အေး ငါ့သမီး ဆရာမ သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေကွယ်"

ရွာထဲသို့ တစ်အိမ်တက်ဆင်း လိုက်နှုတ်ဆက်ပြီးသောအခါ လိုအပ်သည်များကို စီစဉ်ပြင်ဆင်ရတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးက ဆရာမလေးအတွက် ရေကူးပို့ရန် အမျိုးသမီးဖော် နှစ်ယောက် စီစဉ်ထားပြီး သားမို့ လမ်းခရီးအတွက် အဆင်မပြေစရာမရှိ။

(၄)

လူတွေ စည်ကားနေသော မြို့၏ မြင်ကွင်းလေးမှာ သဇင့်ကိုခရီးအမောပြေစေသည့် ရေအေးတစ်ခွက်ပမာ ဆီးကြိုနေလေသည်။

"မေမေရေ မေမေ။ ဒေါ်ဒေါ်"

ခြံဝနားရောက်ရောက်ချင်းပင် မိခင်နှင့် အဒေါ်ဖြစ်သူကို ကလေးတစ်ယောက်လို အော်ခေါ်နေလေ၏။

"ဟယ် သမီးလေးပြန်ရောက်ပြီ မမရေ"

ဒေါ်မျိုးမျိုးနုကို အော်ပြောရင်း ဒေါ်စိုးစိုးနု အိမ်ပေါ်မှ အပြေးဆင်းလာသည်။

ငယ်စဉ်ကတည်းက ဖခင်မေတ္တာငတ်ခဲ့သော သမီးလေးမို့ မိခင်နှင့်အဒေါ်တို့က အချစ်ပို၍အလိုလိုက်ကြသည်။

"သဇင်ရေ ခရီးရောက်မဆိုက် သတင်းပြောရအုံးမယ်။ ယုမေနဲ့ နောင်မင်းဆက်ကို လူကြီးချင်းသဘောတူလိုက်ပြီတဲ့။ ဒီဝါကျွတ်ရင် မင်္ဂလာဆောင်တော့မယ်လို့ ငါကြားခဲ့တယ်"

"ဘာ ဘယ်လို ဒေါ်ဒေါ် ဘယ်လို"

သဇင် မယုံကြည်နိုင်ဖြစ်ရသလို ဒေါ်စိုးစိုးနုတို့ ညီအစ်မလည်း သဇင့်အတွက် ဝမ်းနည်းမိကြလေသည်။

"ဟယ် သမီး သဇင်"

မိခင်၏ ခေါ်သံကိုပင် လှည့်မကြည့်နိုင်ဘဲ အိမ်ပေါ်မှ အပြေးဆင်းသွားလေသည်။

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းက ယုံကြည်ရန်ခက်ခဲ၏။ ယုမေတို့၏ ခြံဝင်းကျယ်ကြီးထဲတွင်ဖြစ်သည်။

သူတို့ရယ်သံများ၊ သူတို့မျက်နှာများက လူကြီးချင်း သဘောတူသောကြောင့်ဆိုသည့်စကားနှင့် လားလားမှမသက်ဆိုင်။

"ဟင် သဇင်"

နောင်မင်းဆက်သည် ခြံပြင်ကို ပြေးထွက်လာပြီး

စာမျက်နှာ ၂၅သို့ ➤

# ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံ ၄၉၇၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဟုမ္မလင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံ ၄၉၇၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၄၉၇၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဟုမ္မလင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံဧက ၁၆၀၀၀ ကျော် စိုက်ပျိုးထားတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် ရိတ်သိမ်းပြီးပါပြီ။ ပဲမျိုးစုံစိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိဖို့ ကာကွယ်ရေးနည်းလမ်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ပဲမျိုးစုံသီးနှံအလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၁၆ ဧက တစ်ဧကလျှင် ၁၈ ဒသမ ၄၅ တင်း၊ စားတော်ပဲ ဧက ၂၁၀ တစ်ဧကလျှင် ၁၈ ဒသမ ၆၇ တင်း၊ မြေထောက်ပဲ ၂၃၂၄ ဧက တစ်ဧကလျှင် ၂၀ ဒသမ ၃၆ တင်း၊ အခြားပဲ ၂၃၂၆ ဧက တစ်ဧကလျှင် ၂၀ ဒသမ ၃၄ တင်း ထွက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၁၅၂၃၄ ဧကလျာထားစိုက်ပျိုးခဲ့ရာ မတ်ပဲ ၅၁၄ ဧက၊ ပဲတီစိမ်း ဧက ၃၁၀၊ စားတော်ပဲ ဧက ၅၉၀၊ မြေထောက်ပဲ ၇၃၇၁ ဧက၊ အခြားပဲ ၇၅၂၆ ဧက စုစုပေါင်း ၁၆၃၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

## မျိုးချစ်စိတ်ကိုပြသဖို့ စစ်မှုထမ်းကြစို့

\- မျက်မှောက်ခေတ်ခါ
ပြည်သာအေးချမ်း တိုးတက်လမ်းတွက်
ပြဋ္ဌာန်းခြင်းပြု စစ်မှုထမ်းဥပဒေ
တို့တွေလိုက်နာ တက်ကြွစွာပင်
တာဝန်ထမ်းရေး ရှေးရှုတွေး။

\- အရေးကြုံလျှင်
သွေးဆုံကြတာ တို့မြန်မာတည့်။

\- အရေးကြီးလျှင်
သွေးစည်းကြတာ တို့မြန်မာတည့်။

\- အရေးရောက်လျှင်
သွေးသောက်ဖွဲ့တာ တို့မြန်မာတည့်။

\- ထိုအစဉ်လာ သွေမခွာဘဲ
ပြည်သာရေးတွက် ခေတ်ဆက်ဆက်တွင်
အသက်သွေးချွေး ငဲ့မတွေးဘဲ
ပေးဆက်စွန့်စား ကာကွယ်ငြားသည့်
စစ်သားကြီးများ ပမာလားပင်
တို့များစိတ်သန္တာန် မျိုးချစ်မာန်တို့
ထက်သန်သည်အားပြသရေး။
စစ်မှုထမ်းဆောင်ကြစို့လေး။ ။

**အင်ကြင်းသူ(နေပြည်တော်)**

➤ စာမျက်နှာ ၂၄ မှအဆက်

သဇင့်အနား မတိုးရဲမကပ်ရဲ ဖြစ်နေ၏။

"သဇင် ငါတောင်းပန်ပါတယ်ဟာ။ လူကြီးချင်းသဘောတူလို့ဆိုပေမဲ့ ငါလဲ ကိုနောင့်ကို စိတ်ဝင်စားနေခဲ့တာပါ။ နင်နဲ့လဲ အဆင်မပြေနိုင်ဘူး ဆိုတော့လေ"

သဇင်နီသည် ယုမေ၏မျက်နှာကို နားမလည်နိုင်သော၊ အံ့ဩတုန်လှုပ်နေသော အကြည့်များဖြင့်သာ စူးစိုက်ကြည့်နေတော့၏။

"သဇင် ကိုကိုကို ခွင့်လွှတ်ပါလို့မတောင်းဆိုပါဘူး။ ကိုကိုတို့နှစ်ယောက်က ပေါင်းဖက်ဖို့ကံပါမလာခဲ့တာလို့ပဲ"

"တောက်"

သဇင့်နှုတ်ဖျားမှ ပြင်းထန်စွာထွက်ပေါ်လာသော တက်ခေါက်သံ။

"တော်စမ်းပါ ကိုနောင်မင်းဆက်။ သစ္စာမရှိရုံတင်မဟုတ်ဘဲ အရှက်မရှိဘူးလို့ပါ ဝန်ခံလိုက်စမ်းပါ။ ငါ သိပ်ချစ်ရတဲ့ချစ်သူ၊ ငါသိပ်ယုံကြည်ပါတယ်ဆိုတဲ့သူငယ်ချင်း အားလုံးကလူမဆန်တဲ့ဟာတွေပဲ"

"သဇင် နင် လွန်မလာနဲ့နော်"

လူမဆန်ဘူးဆိုသည့်စကားသည် ယုမေကို အရှိက်ထိစေသည်ထင်ရ၏။

"အနာပေါ်တုတ်ကျတာလား ယုမေ။ အခြားမိန်းကလေးဖြစ်နေရင်တောင် ငါ ဖြေသာနိုင်တယ်။ အခုတော့ ငါ့နောက်ကျောကို ဓားနဲ့ထိုးကြတာပေါ့။ နင်တို့ အသိုင်းအဝိုင်းကလူတွေက အဲလိုတွေပဲလား။ နင့် ခြေရှုပ်နေတာတောင် ငါခွံတယ် သိလား။ ကိုနောင်မင်းဆက် ရှင့်လိုလူနဲ့လမ်းခွဲရတာကိုက ကျွန်မအတွက် သိပ်တန်ဖိုးရှိတယ်။ ဝမ်းနည်းစရာမရှိသလို လွမ်းစရာလဲ ရှာမတွေ့ဘူး ရှင်သိလား"

ဒေါသနှင့် နာကြည်းစိတ်များကြောင့် ရင့်ရင့်သီးသီးပြောဆို၍ လှည့်ထွက်သွားတော့သည်။

(၅)

ကြည်လင်နေသည့် ရေပြင်၊ စိမ်းညို့နေသည့်တောင်တန်းများ၏အလှက သဇင့်ဝေဒနာများကို ကုသပေးနိုင်စွမ်းမရှိကြ။ ကံကြမ္မာနှင့် လွန်ဆွဲရသော အချစ်ကစားပွဲမှာ သူနှလုံးသားကို မြားနတ်မောင်က ကျီစားလိုက်လေပြီ။

"ဦးလေး လှေပေါ်မှာ လူပြည့်နေပြီလေ မထွက်သေးဘူးလား"

အချိန်ကား ညနေ၃နာရီခန့် ဖြစ်နေ၍ ဆရာမလေး သဇင်နီ စိတ်မရှည်သောလေသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ဆရာမ ခရီးသည်တစ်ယောက် ကျန်နေလို့ စောင့်နေတာပါ။ ထွက်တော့မှာပါဗျ"

ညနေပိုင်းတွင် လေကြမ်းတိုက်သဖြင့် လှိုင်းကြီးတတ်သည်ကို သိ၍ သဇင်ကြောက်နေသည်။ ချောင်းဖျားမှာ မိုးရွာလျှင်လည်း မထင်မှတ်ဘဲ တောင်ကျချောင်းရေ ကျတတ်သေးသည်။ သွားလာရသောခရီးမှာ သက်စွန့်ဆံဖျား အန္တရာယ်ဝုန်ဖြစ်၏။

"ဆရာမ ဒီဘက်နားတိုးခဲ့ပါလား။ လှိုင်းထရင် ကျွန်မကြောက်တယ်"

"ဟုတ်ကဲ့အစ်မ မကြောက်ပါနဲ့ ဘာမှမဖြစ်ပါဘူး။ ဘုရားစာရွတ်စိတ်ငြိမ်တာပေါ့"

သူကိုယ်တိုင်ကြောက်နေသော်လည်း ဘေးနားတွင်ရှိသောအဖော်ကို တည်တည်ငြိမ်ငြိမ်နှင့် နှစ်သိမ့်ပေးနေ၏။

လှေစထွက်ပြီး တစ် နာရီခန့်အကြာ လေများ ကြမ်းလာလေတော့သည်။

"အားလုံး ငြိမ်ငြိမ်နေကြပါ။ လှေစောင်းသွားရင် မလွယ်ဘူးနော်။ ငြိမ်ငြိမ်လေးနေပေးကြပါ"

"ဝုန်း"

"အမယ်လေး လှေစောင်းသွားပြီ။ ရေတွေဝင်ကုန်ပြီ မြန်မြန်ခပ်ထုတ်ကြပါ။ မြန်မြန်"

လှေပေါ်ရှိခရီးသည်များ အထိတ်တလန့်ဖြစ်ကာ ဆောက်တည်ရာမရဖြစ်ကုန်ကြ၏။ ရေခပ်ထုတ်၍ ပက်သူပက်။ ဘုရားစာရွတ်သူရွတ်။ ပိုက်ဆံအိတ်ကိုဖက်၍ ငိုသူကငိုဖြစ်ကုန်ကြသည်။

(၆)

"ဟော. . . ဟိုမှာ ဆရာမလေးလာပြီဟေ့"

"အယ် ဟုတ်တယ် ဆရာမလေးပဲ ငါအရင်သွားကြိုမယ်"

"အမယ် နင် ငါ့ကို မီအောင်ပြေးစမ်း"

ရွာအဝင်တွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် သဇင့်ရင်ထဲ အမောပြေသွားသည်။

ဆရာမပြန်လာသည်ကို မြင်ပြီး သူ့ထက်ငါ အပြေးအလွှားလာကြိုနေကြသည်။

သူတို့၏ အပြစ်ကင်းစင်သောအပြုံးများ၊ ပျော်ရွှင်ကြည်နူးဖွယ်ရယ်သံများဖြင့် ဝမ်းနည်းစိတ်၊ ကြောက်ရွံ့စိတ်များ ပျက်ပြယ်ကုန်လေသည်။

ဆရာမလေးသဇင်နီသည် ညင်သာစွာဖြတ်သန်းသွားသော လေပြည်အေးကို တဝကြီးရှူရှိုက်လိုက်သည်။

"အေးချမ်းမှုကိုလိုချင်ရင်တော့ အပေါ်ယံအယောင်ဆောင်တွေနဲ့ ငါ့ကိုငါ ကမ္ဘာခြားထားမှဖြစ်မယ်" ဟု စိတ်ထဲမှ ကိုယ့်ကိုယ်ကိုယ် ဆုံးမနေချိန် အနားသို့အလုအယက်ရောက်လာကြသော ကလေးတစ်သိုက်၏ အော်ဟစ်သံ၊ ရယ်သံများကြောင့် ကြည်နူးစိတ်များဖြင့် နှစ်နှစ်ကာကာ ပြုံးမိသွား၏။

# ကံမမြို့နယ် တောင်စကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ မတ် ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်စကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကိုဆွေးနွေးပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၁သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တောင်စကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါး ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ၁၁ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ငွေကျပ် ၅၃ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၂၃၀၂ ကေရိတ်သိမ်းပြီးစီး



**ငပုတော မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၂၃၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၃၀၂ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မတ်ပဲ ၂၃၀၂ ဧကကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သော မတ်ပဲ တစ်ဧက လျှင် ၁၅ ဒသမ ၅၁ တင်းထိထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ မတ် ပဲ ၂၃၀၂ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက မတ်ပဲသီးနှံတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေး လုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။သက်ဆိုင်ရာဌာန အသီးသီးကလဲ သီးနှံတွေ စိုက်ပျိုးနိုင်ဖို့လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ဒါကြောင့် လျာထားချက်အတိုင်း ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုး ရိတ်သိမ်းနိုင်တာဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲသီးနှံ အပါအဝင် ဆောင်းသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး တောင်သူအသိပညာပေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ချင်းလျား(ရွာသစ်)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မလှိုင် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ ချင်းလျား(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို မတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ သန်းဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချင်းလျား(ရွာသစ်)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၉ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ဦးရေ ၇၀ ကို ငွေကျပ် ၄၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# မက္ကဆီကိုနိုင်ငံတွင် နေအိမ်များသို့ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူလေးဦးသေဆုံး



**မက္ကဆီကိုစီးတီး မတ် ၂၈**

မက္ကဆီကိုနိုင်ငံ ဗီရာခရုဇ်ပြည်နယ် ဟူလောပန်ဒီကျူဟာတီမော့ဒေသတွင် မတ် ၂၇ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နေအိမ်များသို့ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူလေးဦးသေဆုံးခဲ့ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၁၃၀၀၀ ကျော်ထိ ပျက်စီးခဲ့ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဗီရာခရုဇ်ပြည်နယ် ဟူလောပန်ဒီကျူဟာတီမော့ဒေသမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ နေအိမ်တွေဆီကို ကူးစက်လောင်ကျွမ်းနေပြီးတော့ ဒေသခံလူလေးယောက်သေဆုံးခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၃၀၀၀ ကျော်ထိ ပျက်စီးခဲ့တယ်။ အန္တရာယ်ဇုန်အတွင်း ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်အင်အားအမြောက်အမြားစေလွှတ်ပေးထားပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ကြိုးစားနေပါတယ်"ဟု မက္ကဆီကို အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ဗီရာခရုဇ်ပြည်နယ်နှင့် ချီယာပက်စ်ပြည်နယ် နယ်စပ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ချီယာပက်စ်ပြည်နယ် ဧရိယာသို့လည်း ကူးစက် လောင်ကျွမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဗြိတိန်နိုင်ငံရှိ Isle of Wight ကမ်းခြေတွင် ရေဘေးအန္တရာယ်အနီရောင်အဆင့်အဖြစ်သတ်မှတ်

**လန်ဒန် မတ် ၂၈**

ဗြိတိန်နိုင်ငံရှိ Isle of Wight ကမ်းခြေဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ရေဘေးအန္တရာယ်အနီရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ် အနီရောင်အဆင့်ကို မတ် ၂၇ ရက် မွန်းလွဲပိုင်းမှ စတင်သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ လေတိုက်နှုန်းလည်းမြင့်မားနေပြီး ရေကြီးရေလျှံမှုမှာ ယခင်က မဖြစ်ဖူးသေးသောအခြေအနေမျိုးဖြစ်ပေါ်နေကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"Isle of Wight ကမ်းခြေဒေသမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ဒေသခံတချို့ကိုတော့ ကယ်ဆယ်ရေးဝန်ထမ်းတွေက ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်။ ဟိုက်လမ်းမကြီးနဲ့ မီဒီနာလမ်းမကြီးတွေကတော့ ရေလွှမ်းနေပြီး ဖြတ်သန်းသွားလာဖို့ အန္တရာယ်ရှိတဲ့အခြေအနေ ဖြစ်ပါတယ်။ အယ်ဘာနီလမ်းမကြီး၊ ယောက်ခ်ရိုပ်သာလမ်းမကြီး၊ စီးလမ်းမကြီးနဲ့ ကက်စတယ်လမ်းမကြီးတွေမှာလဲ ရေလွှမ်းနေပြီးတော့



အန္တရာယ်ရှိတဲ့အဆင့်ကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ Isle of Wight ကမ်းခြေဒေသဟာ ၁၈ ရာစုနှစ်လောက်ကတည်းက တည်ဆောက်ထားတဲ့ဒေသဖြစ်ပြီး သမိုင်းဝင်နေရာတစ်ခု ဖြစ်တဲ့အတွက် သဘာဝဘေးအန္တရာယ်ကြောင့် ရှေးဟောင်းအဆောက်အအုံတွေ ပျက်စီးမှုမရှိအောင်တော့ ဆောင်ရွက်နေပါတယ်"ဟု သဘာဝပတ်ဝန်းကျင်အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ကမ်းခြေတွင်လည်း လှိုင်းလုံးကြီးများဖြစ်ပေါ်နေပြီး ကမ်းခြေသို့ သွားရောက်လည်ပတ်ခြင်းကို တားမြစ်ထားကြောင်း၊ လှိုင်းလုံးအမြင့် ၅ ဒသမ ၀၁ မီတာထိ မြင့်တက်နေပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် လှိုင်းလုံးထက် သုည ဒသမ ၉၁ မီတာထိ မြင့်တက်နေကြောင်း၊ လမ်းမကြီးများတွင်လည်း ရေလွှမ်းနေပြီး လမ်းမကြီးတချို့ကို ယာယီပိတ်ထားကာ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားသည့် ဧရိယာများကို ဖြတ်သန်းသွားလာခြင်းမပြုရန်လည်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဘရာဇီးနိုင်ငံနှင့် ပြင်သစ်နိုင်ငံပူးပေါင်း၍ အမေဇုန်မိုးသစ်တောပြုန်းတီးမှု ကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ သုံးစွဲသွားမည်

**ဘရာဇီးလီးယား မတ် ၂၈**

ဘရာဇီးအစိုးရနှင့်ပြင်သစ်အစိုးရတို့ပူးပေါင်း၍ အမေဇုန်မိုးသစ်တောပြုန်းတီးမှု လျှော့ချရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း ဘရာဇီးအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် ဘရာဇီးနိုင်ငံသို့ သွားရောက်လည်ပတ်ကာ ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားနှင့် တွေ့ဆုံခဲ့ပြီး အမေဇုန်မိုးသစ်တောပြုန်းတီးမှု လျှော့ချရေးအတွက် ပါဝင်ကူညီသွားမည့်အရေးနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့သည်။

"ဘီလမ်ပြည်နယ်ကို သွားရောက်ခဲ့ပြီးတော့ ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားနဲ့ တွေ့ဆုံခဲ့ပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရေးအတွက်သာမက ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် အဓိကကျတဲ့ အမေဇုန်မိုးသစ်တောပြုန်းတီးမှုလျှော့ချရေးစီမံချက်တွေမှာပါဝင်ကူညီသွားမယ်။ အမေဇုန်မိုးသစ်တောပြုန်းတီးမှုလျှော့ချရေးအတွက် ဘရာဇီးအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့လဲ ဆွေးနွေးခဲ့ပါတယ်။ အမေဇုန်မိုးသစ်တောပြုန်းတီးမှု လျှော့ချရေးအတွက် အမေဇုန်မိုးသစ်တောနဲ့ ထိစပ်နေတဲ့ နိုင်ငံအားလုံးလဲ ဒီစီမံချက်တွေမှာ ပူးပေါင်းပါဝင်သွားဖို့ သဘောတူညီချက်ရရှိထားပါတယ်။ ၂၀၂၅ ခုနှစ်မှာ ဘရာဇီးနိုင်ငံမှာ COP 30 ညီလာခံ ကျင်းပသွားမှာဖြစ်သလို ညီလာခံမတိုင်မီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားဖို့လဲ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်"ဟု ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြောကြားခဲ့သည်။

အမေဇုန်မိုးသစ်တောသည် ဘရာဇီးနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သာမက ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက်လည်း အဓိကကျသည့် မိုးသစ်တောဖြစ်၍ ပြင်သစ်နိုင်ငံက ဘရာဇီးနိုင်ငံကို ကူညီပေးသွားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ်စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၄။ အရေးပေါ်အချိန်တွင် သယ်ယူမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။




၅။ အိမ်နှင့်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်းများ၊လောင်စာဆီများ၊ အမှိုက်များကိုရှင်းလင်းထားပါ။




၆။ လျှပ်စစ်မီး၊ ဂက်စ်မီး အပါအဝင် မီးသုံးစွဲလျှင် အမြဲသတိရှိပါ။
မီးကြွင်းမီးကျန်များ အထူးသတိပြုပါ။



၇။ ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ပေါက်ပြဲ ပျက်စီးမှုရှိ၊မရှိ အမြဲမပြတ် စစ်ဆေးပါ။



၈။ မီးပျက်လျှင် မီးခလုတ်များကိုပိတ်ပါ။အပြင်ထွက်လျှင် မိန်း(ပင်မမီးခလုတ်)ကို ပိတ်ခဲ့ပါ။




၉။ မီးလောင်လျှင် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ(မီးသတ်၊လျှပ်စစ်ရုံး၊ ရဲတပ်ဖွဲ့)ကိုမှတ်သားထားပါ။



# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဝက်စ်ဟမ်းအသင်း၊ လာဇီယိုအသင်း၊ ဗလင်စီယာအသင်းတို့ကို အားပေးရမှာပါ

ML



အခုတစ်ပတ်မှာတော့ နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲတွေကို ပုံမှန်အတိုင်း ပြန်လည်ကျင်းပသွားမှာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပြိုင်ပွဲတွေကလဲ ဘောလုံးရာသီပြီးဆုံးဖို့ နီးကပ်လာလို့ အသင်းတိုင်းက ရမှတ်အဆုံးရှုံးမခံတော့ဘဲ ရေကုန်ရေခန်းကစားလာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာတာကိုတွေ့ရမှာပါ။ ပရီးမီးယားလိဂ်မှာတော့ ချန်ပီယံဆုအတွက် လီဗာပူး၊ မန်စီးတီး၊ အာဆင်နယ်တို့ ယှဉ်ပြိုင်နေရပြီး လာလီဂါမှာ ရီးရဲလ်မက်ဒရစ်၊ စီးရီးအေမှာ အင်တာမီလန်တို့က ဦးဆောင်နေတာဖြစ်ပါတယ်။ တန်းဆင်းဇုန်မှာတော့ ပရီးမီးယားလိဂ်က ရှက်ဖီး(ယူ)နဲ့ ဘန်လေ၊ စီးရီးအေက ဆလာနီတာနာ၊ လာလီဂါက အယ်မာရီယာနဲ့ ဂရန်နာဒါတို့က တန်းဆင်းရဖို့ သေချာသလောက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေမှာ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေပေမဲ့ အဆုံးအဖြတ်ပွဲစဉ်တွေမှာ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်တဲ့အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

### ဝက်စ်ဟမ်းအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နယူးကာဆယ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းရဲ့ပထမအကျော့တွေ့ဆုံမှုမှာ ကစားသမားအစုံအလင်နဲ့ပွဲထွက်ခဲ့ပေမဲ့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်ကစားပုံဟာ ကစားသမားစုဖွဲ့မှုနဲ့ခြေစွမ်းပိုင်းတူညီနေပေမဲ့ ဝက်စ်ဟမ်းအသင်းက အိမ်ကွင်းအားသာချက်နဲ့ ပိုမိုဖိအားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ရမှတ်လိုအပ်နေတဲ့နယူးကာဆယ်အသင်းဟာ ဥရောပဝင်ခွင့်မျှော်လင့်ချက်နဲ့ နိုင်ပွဲရဖို့အစွမ်းကုန်ပြင်ဆင်လာမှာသေချာပါတယ်။ ဒါပေမဲ့ လက်ရှိနယူးကာဆယ်ရဲ့ကစားပုံက အဓိကကစားသမားတွေဖြစ်တဲ့ ဝယ်လ်ဆင်၊ ဂျိုးလင်တန်၊ ထရစ်ပီယာ၊ ဘော့မန်း၊ တိုနယ်လီတို့ ပါဝင်နိုင်မှုမရှိလို့ ရလဒ်ပိုင်းကျဆင်းနေတာကိုသတိပြုရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲ ၂၈ ပွဲအပြီးမှာလဲ ရမှတ် ၄၀ သာရရှိခဲ့တာကြောင့် အဆင့်(၁၀) မှာရောက်ရှိနေပြီး ဝက်စ်ဟမ်းအသင်းနဲ့ ရမှတ်လေးမှတ်ထိ ကွာဟနေတာကိုတွေ့ရမှာပါ။ နည်းပြဟိုဝီကတော့ ဒဏ်ရာရကစားသမားများနေချိန်မှာ တိုက်စစ်ပိုင်းကိုပြန်လည်ဖြည့်တင်းနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းမှာတော့ အရန်ကစားသမားစုဖွဲ့မှုအားနည်းနေလို့ ဘော့မန်း၊ ထရစ်ပီယာတို့ရဲ့နေရာတွေကိုဖြည့်တင်းဖို့ အခက်တွေ့နေတာကြောင့် ခံစစ်ပိုင်းကျဆင်းသွားဖို့များပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလက ကစားခဲ့တဲ့ပြိုင်ပွဲတွေမှာ ရလဒ်ပိုင်းကျဆင်းသွားပေမဲ့ အခုလအတွင်း ကစားခဲ့တဲ့ပြိုင်ပွဲစုံမှာ ပုံစံကောင်းပြန်ရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၇)မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ တောင်ပံက ကူဒက်နဲ့ ကွင်းလယ်က အယ်ဗာရက်ဇ်တို့ ဒဏ်ရာကြောင့် လွဲချော်မှာဖြစ်လို့ ဘိုဝင်အနေနဲ့ တောင်ပံကိုဆင်းကစားပြီး အယ်ဗာရက်ဇ်နေရာမှာ ကယ်ဗင်ဖီးလစ်၊ တိုက်စစ်မှာ အန်တိုနီယိုတို့နဲ့ပွဲထွက်လာမယ်ဆိုရင် နယူးကာဆယ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါ့ပြင် ခံစစ်ပိုင်းအားနည်းနေတဲ့နယူးကာဆယ်အနေနဲ့ အမြင့်ဘောတွေကိုအသုံးချပြီး ဂိုးရယူလေ့ရှိတဲ့ဝက်စ်ဟမ်းအသင်းရဲ့ နည်းစနစ်ပိုင်းကို မဟန့်တားနိုင်ရင်တော့ နယူးကာဆယ်ရှုံးပွဲကြုံရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ငါးကြိမ်မှာလဲ ဝက်စ်ဟမ်းအသင်းက တစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့တစ်ကြိမ်သာရှုံးခဲ့ပြီး အသာရခဲ့တာကြောင့် တွေ့ဆုံမှုအစဉ်အလာနဲ့ လက်ရှိခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဝက်စ်ဟမ်းအသင်းကို ရွေးချယ်ရမှာပါ။

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၄ | - | ၁ | နယူးကာဆယ် |
| ဘလက်ဘန်း | ၁ | - | ၁ | နယူးကာဆယ် |
| နယူးကာဆယ် | ၃ | - | ၀ | ဝုဗ် |
| ချဲလ်ဆီး | ၃ | - | ၂ | နယူးကာဆယ် |
| မန်စီးတီး | ၂ | - | ၀ | နယူးကာဆယ် |

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၁ | - | ၃ | ဝက်စ်ဟမ်း |
| ဖရိုင်းဘတ် | ၁ | - | ၀ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၂ | - | ၂ | ဘန်လေ |
| ဝက်စ်ဟမ်း | ၅ | - | ၀ | ဖရိုင်းဘတ် |
| ဝက်စ်ဟမ်း | ၁ | - | ၁ | အေဗီလာ |

### လာဇီယိုအသင်းကို အားပေးရမှာပါ

အီတလီစီးရီးအေအမှတ်ပေးပြိုင်ပွဲမှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လာဇီယိုအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ ဝါရင့်နည်းပြဆာရီကိုထုတ်ပယ်ခဲ့ပြီးနောက်ပိုင်း ဖရိုစီဝမ်းအသင်းနဲ့ပွဲစဉ်မှာ သုံးဂိုးနှစ်ဂိုးနဲ့ နိုင်ပွဲပြန်ရှာတွေ့ခဲ့တာကိုတွေ့ရမှာပါ။ လာမဲ့ပွဲစဉ်မှာတော့ နည်းပြသစ်တူဒေါက စတင်တာဝန်ယူမှာဖြစ်လို့ နည်းပြသစ်အနေနဲ့ ပွဲဦးထွက်မှာရလဒ်ကောင်းဖို့အတွက် အစွမ်းကုန်ပြင်ဆင်လာမှာသေချာပါတယ်။ လက်ရှိအမှတ်ပေးပွဲ ၂၉ ပွဲအပြီးမှာတော့ ၁၃ ပွဲနိုင်၊ လေးပွဲသရေ၊ ၁၂ ပွဲရှုံးရလဒ်နဲ့ အဆင့်(၉) မှာရောက်ရှိနေပေမဲ့ အဆင့်(၆)က အတ္တလန်တာအသင်းနဲ့ ရမှတ်လေးမှတ်သာ ကွာဟနေတာကြောင့် ဥရောပယှဉ်ပြိုင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ နည်းပြသစ်အနေနဲ့ ခံစစ်ပိုင်းကိုအာရုံစိုက်ကစားနိုင်မယ်ဆိုရင် ဂျူဗင်တပ်လို ကစားအားရှိတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာသေချာပါတယ်။ အခုပွဲစဉ်မှာ ဂိုးသမားပရိုဗီဒယ်ကလွဲရင် ကျန်တဲ့ကစားသမားတွေအားလုံးပါဝင်မှာဖြစ်လို့ ကစားပုံထက်မြက်လာမှာသေချာပါတယ်။

ဂျူဗင်တပ်အသင်းဟာ အခုရာသီမှာ ဥရောပပြိုင်ပွဲကစားခွင့်မရခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ကစားနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ တိုက်စစ်ကစားပုံကျဆင်းနေတာကြောင့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်သာ ရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် အသင်းရဲ့ခံစစ်ပိုင်းဟာ နေရာလွတ်တွေများခဲ့သလို တိုက်စစ်မှူးတွေကလဲ အခွင့်အရေးတွေအသုံးမချနိုင်ခဲ့လို့ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲရှစ်ပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့တာကိုသတိပြုရမှာပါ။ အဲဒီပွဲစဉ်ကလဲ ဖရိုစီဝမ်းလို ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းကို အိမ်ကွင်းမှာ နောက်ကျသွင်းဂိုးတွေသွင်းယူခဲ့လို့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လက်ရှိဂျူဗင်တပ်တိုက်စစ်ကို ဗလာဟိုဗစ်နဲ့ ချီဆာတို့ဦးဆောင်နေပြီး ဗလာဟိုဗစ်က ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲမှာတော့ ဗလာဟိုဗစ်အနေနဲ့ အနီကတ်ပြစ်ဒဏ်ကြောင့်ပါဝင်နိုင်မှာမဟုတ်လို့ ဂျူဗင်တပ်တိုက်စစ်ပိုင်းကျဆင်းသွားမှာသေချာသလို ခံစစ်ကလဲ နောက်ဆုံးငါးပွဲမှာ ရှစ်ဂိုးထိခွင့်ပြုခဲ့ရတာကြောင့် လာဇီယိုတိုက်စစ်ကိုထိန်းချုပ်ဖို့တော့အခက်တွေ့မှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာဖွေရမဲ့လာဇီယိုအသင်းကို အားပေးရမှာပါ။

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၂ | - | ၁ | လာဇီယို |
| လာဇီယို | ၀ | - | ၁ | အေစီမီလန် |
| ဘိုင်ယန်မြူးနစ် | ၃ | - | ၀ | လာဇီယို |
| လာဇီယို | ၁ | - | ၂ | အူဒီးနီးစ် |
| ဖရိုစီဝမ်း | ၂ | - | ၃ | လာဇီယို |

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၂ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၃ | - | ၂ | ဖရိုစီဝမ်း |
| နာပိုလီ | ၂ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၂ | အတ္တလန်တာ |
| ဂျူဗင်တပ် | ၀ | - | ၀ | ဂျီနိုအာ |

### ဗလင်စီယာအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဗလင်စီယာအသင်းနဲ့ မာယော့ကာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဗီလာရီးရဲလ်ကိုရှုံးနိမ့်ခဲ့တာကြောင့် ငါးပွဲမှာ နှစ်ပွဲရှုံး၊ နှစ်ပွဲသရေ၊ တစ်ပွဲနိုင်ရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဗလင်စီယာဟာ အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းတည်ငြိမ်မှုမရှိလို့ ရလဒ်ကျဆင်းခဲ့ပေမဲ့ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းငါးပွဲဆက်မှာ ရှုံးပွဲမရှိခဲ့ဘဲ ခြေစွမ်းကောင်းနေတဲ့ဂီတာဖေး၊ ဆီဗီလာ၊ ရီးရဲလ်မက်ဒရစ်၊ ဘီလ်ဘာအိုတို့လို အသင်းတွေကိုအကောင်းဆုံးတုံ့ပြန်ပြီး ရမှတ်ရှာဖွေနိုင်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဘာရာဂျာကတော့ ခံစစ်က ဂါယာ၊ ဒီယာခါဘီတို့ကိုလက်လွှတ်ခဲ့ရပေမဲ့ ခံစစ်ကစားပုံတည်ငြိမ်အောင် ကြိုးပမ်းနိုင်ခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိအဆင့်(၈)မှာရောက်နေတဲ့ဗလင်စီယာဟာ အခုပွဲကိုရှုံးခဲ့ရင် အဆင့်(၁၀)ထိရောက်နိုင်တာကြောင့် မာယော့ကာလို ခြေရည်တူအသင်းနဲ့တွေ့ဆုံချိန်မှာ ပွဲချိန်ပြည့်ဖိအားပေးပြီး နိုင်ပွဲရှာမှာသေချာပါတယ်။

မာယော့ကာအသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်ခဲ့ရလို့ အမှတ်ပေးပွဲ ၂၉ ပွဲအပြီးမှာ ရမှတ် ၃၀ သာ ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ ဘာစီလိုနာအသင်းကိုသာရှုံးခဲ့ပြီး ဂျီရိုနာ၊ ဆိုစီဒက်တို့လိုအသင်းတွေကိုအနိုင်ရယူနိုင်ခဲ့တာကြောင့် ယုံကြည်မှုပိုကောင်းလာတာကိုတွေ့ရမှာပါ။ လက်ရှိ ဗလင်စီယာကလဲ ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်ကနေ ဂိုးရဖို့ကစားတဲ့အသင်းဖြစ်တာကြောင့် အခုပွဲစဉ်မှာ နှစ်သင်းပေါင်းသွင်းဂိုးနည်းသွားဖို့များပါတယ်။ ဒါပေမဲ့ နည်းစနစ်ပိုင်းနဲ့ တိုက်စစ်ကစားပုံမှာ ဗလင်စီယာအသင်းက မာယော့ကာအသင်းထက်သာနေတာကြောင့် အိမ်ကွင်းအားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ ဗလင်စီယာအသင်း ရလဒ်ကောင်းမှာပါ။

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ပါးမက် | ၂ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၀ | - | ၀ | ဆီဗီလာ |
| ဗလင်စီယာ | ၂ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ဗလင်စီယာ | ၁ | - | ၀ | ဂီတာဖေး |
| ဗီလာရီးရဲလ် | ၀ | - | ၁ | ဗလင်စီယာ |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၁ | မာယော့ကာ |
| ဆိုစီဒက် | ၁ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၀ | ဂျီရိုနာ |
| ဘာစီလိုနာ | ၁ | - | ၀ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၀ | ဂရန်နာဒါ |





# အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ၈၂ လမ်းနေ ဦးဝေညွန့် + ဒေါ်ရီရီခိုင်၊
သြစတြေးလျနိုင်ငံနေ (ဦးနေဝင်း) + ဒေါ်လှလှထွေး၊
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်နေ
ဦးဝင်းဆွေ(Best Oil Company) + ဒေါ်တင်တင်ခိုင်(မန်းရွှေလီကုမ္ပဏီ)
တို့၏မိခင်ဖြစ်သူ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့်သိန်း အသက် (၉၄)နှစ်

သည် ၂၆-၃-၂၀၂၄ ရက်၊ အင်္ဂါနေ့၊ ည (၁၁:၁၄)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးကျော်ဇေယျ+ဒေါ်ကေမွန်ဇာသီထွန်း**
**မိသားစု**
**တောင်ကြီးမြို့**







## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ နန့်စမ်း(၂)ကျေးရွာနေ မခင်အေးနွယ် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဖွားစာရင်းအရ ဦးမိလိန္ဒ ဖြစ်ပါကြောင်း။

**ဦးမိလိန္ဒ(၁/ကမန(နိုင်)၀၄၂၃၇၁)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင် ဇီးကုန်းရပ်ကွက်နေ ဒေါ်သန်းသန်းကြည် ၏သမီးဖြစ်သူ **မသဲမာစိုး (၉/ပကခ(နိုင်)၀၆၉၈၁၃)**သည် မိခင်နှင့် မွေးချင်းမောင်နှမတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အား လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်သန်းသန်းကြည်**

**(၉/မရမ(နိုင်)၀၇၃၂၀၅)**




## ၂၈-၃-၂၀၂၄ရက်နေ့တွင်ဖြစ်ပေါ်သောအာဆီယံနိုင်ငံများ၏စက်သုံးဆီဈေးနှုန်းများ

| စဉ် | အာဆီယံနိုင်ငံများ | ဓာတ်ဆီ(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၆၅၃ ကျပ် |
| ၂။ | လာအို | ၄၈၅၃ ကျပ် |
| ၃။ | ဖိလစ်ပိုင် | ၄၄၉၉ ကျပ် |
| ၄။ | ထိုင်း | ၄၂၈၅ ကျပ် |
| ၅။ | ကမ္ဘောဒီးယား | ၄၀၀၅ ကျပ် |
| ၆။ | ဗီယက်နမ် | ၃၂၇၀ ကျပ် |
| ၇။ | အင်ဒိုနီးရှား | ၃၀၇၉ ကျပ် |
| ၈။ | မြန်မာ | ၂၉၁၅ ကျပ် |
| ၉။ | မလေးရှား | ၁၄၅၀ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၁၃၁၃ ကျပ် |

| စဉ် | အာဆီယံနိုင်ငံများ | ဒီဇယ်(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၀၁၈ ကျပ် |
| ၂။ | ဖိလစ်ပိုင် | ၄၂၂၂ ကျပ် |
| ၃။ | ကမ္ဘောဒီးယား | ၃၄၂၇ ကျပ် |
| ၄။ | အင်ဒိုနီးရှား | ၃၄၀၃ ကျပ် |
| ၅။ | လာအို | ၃၂၂၆ ကျပ် |
| ၆။ | ဗီယက်နမ် | ၂၇၉၆ ကျပ် |
| ၇။ | ထိုင်း | ၂၇၂၉ ကျပ် |
| ၈။ | မြန်မာ | ၂၄၄၅ ကျပ် |
| ၉။ | မလေးရှား | ၁၅၂၀ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၇၆၈ ကျပ် |

သက်ဆိုင်ရာနိုင်ငံအလိုက် US ဒေါ်လာဈေးနှုန်းအား ပြည်တွင်း Market Exchange Rate ဖြင့် တွက်ချက်ထားပါသည်။

❖ ပြည်ထောင်စု၏ အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဂုဏ်ပြုညှော်ခံပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၈**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတည်ထောင်ခြင်း (၈)နှစ်မြောက်နှစ်ပတ်လည်နေ့အား ဂုဏ်ပြုသော အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနက နေပြည်တော်ရှိ KMA နေပြည်တော်ဟိုတယ်၌ ယနေ့ညနေပိုင်းတွင် ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးစီမံကိန်းများအကောင်အထည်ဖော်ခဲ့သည့်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြောက်ဦးမြို့နယ်**

ဆောင်းပါး စာမျက်နှာ - ၂၃

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563